# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ် (၀၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာ့ဆန်စပါး ညီလာခံ -၂၀၂၂ ဖွင့်ပွဲအခမ်းအနား ကျင်းပ

# အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါး တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန်တိုက်တွန်းလို

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါး စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲတပ်ဆင်ရမည့် အစီအစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်၍ **"နိုင်ငံ့စီးပွားမြှင့်တင်ဖို့၊ ဆန်စပါးဖြင့် ကြိုးပမ်းစို့"** ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါး ညီလာခံ -၂၀၂၂ (Myanmar Rice Conference – 2022) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဇဟိုဋ္ဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➲*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ဆန်စပါး ညီလာခံ -၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံဆန်စပါးအထူးပြုပြခန်းများအား ကြည့်ရှုအားပေးစဉ်။

**ယနေ့ ဖတ်စရာ**

ယုံကြည်မှုကျဆင်းနေသော လူ့အခွင့်အရေးကောင်စီ — ဆောင်းပါး စာ - ၈

ကမ္ဘာကြီးရဲ့ အဆိုးအကောင်း ဖန်တီးရှင်တွေနဲ့ ဝင်ရိုးတန်းအပြောင်းအလဲ — ဆောင်းပါး စာ - ၁၀

တရုတ်အစိုးရ၏အကူအညီဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံရထားတွဲဆိုင်းများ စမ်းသပ်ပြေးဆွဲမှုပြီးမြောက် — ကုန်သွယ်စီးပွား စာ - ၁၆

## မြန်မာ့အလင်း

# အရည်အသွေးမြင့်ဆန်များ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်း

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသည့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများစွာတို့ ကြုံတွေ့နေရသည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံတို့၏ အခက်အခဲက မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေး အခြေခံစားနပ်ရိက္ခာ ထုတ်လုပ်သည့်နိုင်ငံအဖို့ အခွင့်အလမ်းကောင်းများကို ဖြစ်ပေါ်လာစေသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ရာ အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါး တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန် "မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂" ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

"မကြာမီရောက်ရှိတော့မည့် နွေစပါးရာသီအတွက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် (Contract Farming) ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က တစ်ဧကကို ကျပ် ၂ သိန်းနှုန်းဖြင့် အထူးချေးငွေ စီစဉ်ပေးမည်ဖြစ်ပြီး ဆန်စပါးသီးနှံအတွက် ငွေကျပ် ၁၄၀ ဘီလီယံအထိ ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ပေးထားပါကြောင်း၊ အဆိုပါထောက်ပံ့မှုများသည် မျိုး၊ မြေဩဇာ စသည့် သွင်းအားစုအတွက် ထောက်ပံ့မှုဖြစ်ပြီး သက်ဆိုင်သူအားလုံးက အကျိုးရှိစေရေး စနစ်တကျပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းသည့် စပါးများထွက်ရှိရန် လိုသကဲ့သို့ ထွက်ရှိလာသည့်စပါးကို ကြိတ်ခွဲရာတွင်လည်း သန့်ရှင်းပြီး အဆင့်အတန်းမီသည့် ဆန်များရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း" ဖြင့်လည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရမီက ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ခဲ့ပြီး ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးကွက်ဝေစု ကျယ်ပြန့်စွာရရှိထားခဲ့ဖူးသည့် နိုင်ငံဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အစိုးရအဆက်ဆက်က ပြည်တွင်းစားသုံးမှုဖူလုံရေးကို အဓိကထားခဲ့ကြသည့်အတွက် အဆိုပါမူဝါဒကြောင့် ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံအဖြစ်မှ လျှော့ကျခဲ့ရသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးနောက် ဆန်စပါးမူဝါဒအပြောင်းအလဲအနေဖြင့် ၂၀၀၃ ခုနှစ်တွင် ဆန်စပါးကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှုကို ပုဂ္ဂလိကသို့ ရာနှုန်းပြည့်လုပ်ကိုင်ခွင့်ပြုခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆သန်းကျော် တင်ပို့နိုင်ခဲ့ခြင်းဖြင့် ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံ ငါးနိုင်ငံစာရင်းထဲသို့ ရောက်ရှိလာခဲ့သည်။

ပြည်ပပို့ကုန်မြှင့်တင်ရေးတွင် အဓိကဖြစ်သည့် မြန်မာ့ဆန်ကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင် မိမိတို့ထက်ပို၍ ရှေ့တန်းသို့ ရောက်ရှိနေသည့် ဆန်တင်ပို့ရောင်းချသူ နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရာ၌ မြန်မာ့ဆန်၏ အရည်အသွေးသည် စံချိန်စံညွှန်းမြင့်မားနေရန်လိုအပ်ပြီး ၎င်းအရည်အသွေးရရှိနိုင်ရန်အတွက် ဆန်စက်များနှင့် သိုလှောင်ရုံများ အဆင့်အတန်းမြင့်မားရန် လိုအပ်သည်။ သို့မှသာ အရည်အသွေးကောင်းမွန်သည့် ဆန်ကိုကြိတ်ခွဲသိုလှောင်နိုင်မည်ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများကလည်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်း စသည့် အဆင့်များအားလုံးတွင် ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပြီး ဓာတုဓာတ်ကြွင်း ကင်းစင်ရေး၊ ပိုးမွှားနှင့် ခဲ၊ သဲတို့ ကင်းစင်ရေး အလေးဂရုပြုကြရန် လိုအပ်သည်။ နိဂုံးချုပ်အားဖြင့်ဆိုရလျှင် အရည်အသွေးမြင့် မြန်မာ့ဆန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး၊ ကမ္ဘာ့ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံနေရာသို့ ပြန်လည်ရောက်ရှိရေးတို့သည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရမည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလဓမ္မရိပ်သာ (မြိတ်) ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာ ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ စိန်မြဓမ္မသာလာ ကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ရွှေရင်အေးကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သာသနာ့ ဝိပုလာ ရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗောဓိရတနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်အိုင် (အထက်) ကျောင်းတိုက် (ဝဲပုံ) တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်မှ သီလရှင် အပါး ၂၅၀၀ အား ဆွမ်းဆန်တော်၊ ဆီများ ဆက်ကပ်လှူဒါန်း

**သန်လျင် အောက်တိုဘာ ၆**

သန်လျင်မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက်များမှ သီလရှင် ဆရာကြီး၊ ဆရာလေးအပါး ၂၅၀၀ တို့အား ပရိယတ္တိတံခွန်စာမေးပွဲ



အထောက်အကူပြုကော်မတီနှင့် အလှူရှင်များစုပေါင်း၍ ဆွမ်းဆန်တော်၊ ဆီများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့က သန်လျင်မြို့မင်းကျောင်းပထမပြန် စာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာရေစက်ချတရား နာယူကြသည်။

ထို့နောက် သန်လျင်မြို့နယ်အတွင်းရှိ သီလရှင်ကျောင်းတိုက် အသီးသီးမှ ကြွရောက်တော်မူလာကြသော သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၅၀၀ တို့အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (ဝဲပုံ)

**သန်းဝင်း(သန်လျင်)**

# "စွေ့" ငှက်ပုံ စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်း ငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား မှတ်ချက်ပြုထားသည့်** မြန်မာ့ဒေသရင်း **"စွေ့"** ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **အောက်တိုဘာလ ၉ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင်




**အောက်တိုဘာ ၉ ရက်၌** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ဆန်စပါး ညီလာခံ -၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပုဂ္ဂလိကဘဏ်များနှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ဆန်ကိုသာ အဓိကစားသုံး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် ရှေးရာစုနှစ်များစွာကတည်းက ဆောင်ရွက်လာခဲ့သည့် မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ခေတ်စနစ်များ ပြောင်းလဲလာမှုနှင့်အတူ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍတွင်လည်း ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှုများစွာ ပေါ်ပေါက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်း ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများရစေနိုင်သည့် (Quick Win) အစီအစဉ် တစ်ခုလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက်များထဲတွင် **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဆိုသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**များစွာအထောက်အကူပြုမည်**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မြေအရင်းအမြစ်၊ ရေသယံဇာတနှင့် လူသားအရင်းအမြစ်များ ပြည့်စုံပြီးဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိနေပြီး နိုင်ငံတိုင်းက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဦးတည်ပြီး မူဝါဒမျိုးစုံချမှတ်ကျင့်သုံးနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထိုသို့သော အခြေအနေမျိုးတွင် စိုက်ပျိုးရေးကို အခြေခံပြီး စားနပ်ရိက္ခာကောက်ပဲသီးနှံထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများ များစွာပေါ်ပေါက်လာသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပေါ်ပေါက်လာသည့် အခွင့်အလမ်းကောင်းကို အမိအရ ရယူပြီး နိုင်ငံ့ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် ဆန်စပါးကဏ္ဍသည် ယခင်ကထက် ပိုမိုဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း အသိပေးလိုပါကြောင်း၊ အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

**ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်**

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် **“အမျိုးသားပို့ကုန်မဟာဗျူဟာ”** ၏ ဦးစားပေးပို့ကုန် အမယ်ထဲတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် **“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေး”** ဖြစ်ပါကြောင်း။

အဆိုပါမဟာဗျူဟာ ရည်မှန်းချက်အရ မြန်မာ့ဆန်စပါးတိုးတက် ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု **“မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂”** ကို **“နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့ (Rising with Rice)”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့ ပူးပေါင်းကျင်းပခြင်းကိုလည်း ကြိုဆိုပါကြောင်း။

ယခုကျင်းပသည့် ညီလာခံတွင် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်ချက်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါးစိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆန်စပါးအထူးပြုပြခန်းများအား ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ပြုပြင်ပြောင်းလဲပြင်ဆင်ရမည့် လုပ်ငန်းအစီအစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာ့ဆန်စပါးညီလာခံကို အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲ (Public-Private Dialogue) ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဆန်စပါးနယ်ပယ်အတွင်းတွင် ကျွဲပြားသည့် လုပ်ငန်းတာဝန်များနှင့် ပါဝင်လျက်ရှိသူများအနေဖြင့် ဆွေးနွေးမှုများကတစ်ဆင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသည့် ဦးတည်ချက်များ ချမှတ်သွားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း။

**အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး**

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူနိုင်ငံသားများအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆန်စပါးသည် အဓိကစိုက်ပျိုးထုတ်လုပ်သည့် သီးနှံဖြစ်ပြီး သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၂ ဒသမ ၄ သန်း စုစုပေါင်းစပါးစိုက်ပျိုးဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါး တစ်ဧကထွက်နှုန်းကို ရည်မှန်းချက်ဖြစ်သည့် တင်း ၁၀၀ ထွက်ရှိနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ တစ်နှစ်ကိုဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ်၊ တစ်နည်းအားဖြင့် ၉၇ ပြည်ခန့် စားသုံးမှုရှိသည့်အတွက် နိုင်ငံအတွင်း စားသုံးမှုသည် လက်ရှိစပါးစိုက်ပျိုးမှုနှင့် ဖူလုံပိုလျှံမှုရှိပါကြောင်း၊ လက်ရှိစပါးစိုက်ပျိုးဧကအတိုင်း သီးထပ် အပြည့်အဝ စိုက်ပျိုးနိုင်မည်ဆိုပါက များစွာပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စပါးစိုက်ဧကတိုးချဲ့ရေးထက် လက်ရှိစပါးစိုက်မြေများတွင် စပါးပြီး စပါး၊ စပါး ပဲ စပါး၊ စပါး နေကြာ စပါး စသဖြင့် မိမိတို့နှစ်သက်ရာသီးနှံများဖြင့် တွဲဖက်ပြီး သီးထပ်အဖြစ် စိုက်ပျိုးသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ထုတ်လုပ်မှုရှိမှသာ ထုတ်ကုန်ပစ္စည်းရှိပြီး ရောင်းကုန်ပစ္စည်းလည်း ရရှိလာမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းဆန်ရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက်လည်း စပါးစိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်မှုဖြစ်စေရေး ထိထိရောက်ရောက် ကြိုးပမ်းကြရန် အရေးကြီးကြောင်း။

**မျိုးကောင်း မျိုးသန့်စပါးမျိုးများကို ရွေးချယ်**

စပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရန် အရေးကြီးသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စပါးမျိုး ၉၀ ကျော် စိုက်ပျိုးလျက်ရှိရာတွင် ပြည်တွင်းဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ကျော်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် စပါးမျိုးမြောက်မြားစွာ စိုက်ပျိုးနေမည့်အစား ရေလိုအပ်ချက်နည်းပြီး ရေကြီးနစ်မြုပ်မှုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သည့် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော ဈေးကွက်ဝင်မျိုးကောင်း မျိုးသန့်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပြီး ပြည်တွင်းဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှုတွင် မျိုးသန့်စိုက်ပျိုးသည့်ဓလေ့မှ အရည်အသွေးကောင်းသည့်မျိုးစေ့များ ဝယ်ယူသုံးစွဲစိုက်ပျိုးနိုင်သည့် အခြေအနေရောက်ရှိနိုင်ရန်ကိုလည်း ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုးစေ့ထုတ်ကုမ္ပဏီများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုခြင်းနှင့်အတူ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာတို့ကို ရောနှောရောစပ်အသုံးပြုခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်သည်ကို အကြံပြုတိုက်တွန်းလိုပါကြောင်း။

**စနစ်တကျပူးပေါင်းဆောင်ရွက်**

မကြာမီရောက်ရှိတော့မည့် နွေစပါးရာသီအတွက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် (Contract Farming) ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က တစ်ဧကကို ငွေကျပ် ၂ သိန်းနှုန်းဖြင့် အထူးချေးငွေစီစဉ်ပေးမည်ဖြစ်ပြီး ဆန်စပါးသီးနှံအတွက် ငွေကျပ် ၁၄၀ ဘီလီယံအထိ ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ပေးထားပါကြောင်း၊ အဆိုပါ ထောက်ပံ့မှုများသည် မျိုး၊ မြေဩဇာ စသည့် သွင်းအားစုအတွက် ထောက်ပံ့မှုဖြစ်ပြီး သက်ဆိုင်သူအားလုံးက အကျိုးရှိစေရေး စနစ်တကျပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းသည့် စပါးများ ထွက်ရှိရန်လိုသကဲ့သို့ ထွက်ရှိလာသည့်စပါးကို ကြိတ်ခွဲရာတွင်လည်း သန့်ရှင်းပြီး အဆင့်အတန်းမီသည့် ဆန်များရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ဆန်ဈေးကွက်တွင် ဈေးနှုန်းဈေးကွက် (Price Market)နှင့် အရည်အသွေးဈေးကွက် (Quality Market) ဟူ၍ ဈေးကွက်နှစ်မျိုးရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းတွင် ခေတ်မမီသည့်အတွက်ကြောင့် ရှေးယခင်ကတည်းကပင် ဈေးကောင်းမရရှိသည့် တန်းနိမ့်ဆန်များကို ဦးစားပေးတင်ပို့ခဲ့ရသည့် အခြေအနေမှ ယနေ့ကာလတွင် အရည်အသွေးပိုမိုကောင်းမွန်သည့်ဆန်များကို တိုးမြှင့်တင်ပို့လာနိုင်သည့် အခြေအနေကို စတင်ပြောင်းလဲရောက်ရှိလာသည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ ဆန်စပါးလုပ်ငန်းတွင် ဆန်အရည်အသွေးနှင့်ပတ်သက်၍ ကြုံတွေ့နေရသောပြဿနာများဖြစ်သည့် ဆန်နီစပါးများခြင်း၊ မျိုးရောနှောခြင်း၊ မျိုးကွဲများပြားခြင်း၊ ဆန်စပါးအရွယ်အစားသည် စားသုံးသူများအတွက် ဆွဲဆောင်မှုအားနည်းခြင်း၊ ဆန်အရောင်အသွေးမလှပခြင်း၊ ဆန်အရည်အသွေး အားနည်းခြင်းများသည် ဈေးကွက်ကို များစွာထိခိုက်စေပါကြောင်း၊ ထို့ကြောင့် အဆိုပါ စိန်ခေါ်မှုများကို စိုက်ပျိုးထုတ်လုပ်မှုအပိုင်းက ပြုပြင်ပြောင်းလဲရမည့် ဆောင်ရွက်မှုများ လိုအပ်သလို ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းကလည်း ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ကြမည်ဆိုပါက မြန်မာ့ဆန်ဈေးကွက်ဝင်ရောက်မှုသည် သိသာစွာ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှုဖြင့် စီမံဆောင်ရွက်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ လိုအပ်သကဲ့သို့ တိုင်းဒေသကြီး ပြည်နယ်အစိုးရများအနေဖြင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး အထူးအလေးပေး ဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီကာလက ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပကို ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ခြင်းမှ တဖြည်းဖြည်း ပြည်ပတင်ပို့နိုင်မှု ကျဆင်းခဲ့ပြီး ၂၀၀၁ - ၂၀၀၂ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ပတင်ပို့နိုင်မှု ပြန်လည်တိုးတက်လာခဲ့ကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆန်စပါးအထူးပြုပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

❍ **မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မြေအရင်းအမြစ်၊ ရေသယံဇာတနှင့် လူသားအရင်းအမြစ်များ ပြည့်စုံပြီးဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာ အထောက်အကူပြုမည်**

❖ **၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုး ဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါး စိုက်ဧက ၂ ဒသမ ၄ သန်း စုစုပေါင်းစပါးစိုက်ပျိုးဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့၊ တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက ထွက်နှုန်းကို ရည်မှန်းချက်ဖြစ်သည့် တင်း ၁၀၀ ထွက်ရှိနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၄ မှ*

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆ သန်းကို နိုင်ငံ ၆၄ နိုင်ငံအထိ ပြန်လည်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

လက်ရှိ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ၆ လတာကာလအတွင်း ဆန်တန်ချိန် ၅ သိန်းကျော်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သိန်း၊ စုစုပေါင်းတန်ချိန် ၈ ဒသမ ၆ သိန်းကျော်ကို နိုင်ငံ ၃၈ နိုင်ငံကို တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဆန် ၊ ဆန်ကွဲတန်ချိန် ၂ သိန်းကျော် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရပါကြောင်း။

ဆန်အရည်အသွေးကောင်းမွန်ရေးသည် ပြည်ပဆန်တင်ပို့မှုတွင် အရေးပါပြီး အချို့ပြည်ပနိုင်ငံများကို ပေါင်းဆန်တင်ပို့ရာတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀ မှ ၅၀၅ အထိ ဈေးရရှိသည်ကို တွေ့ရပါကြောင်း၊ ဘဏ္ဍာနှစ် ၆ လပတ်အတွင်း ဆန်တင်ပို့မှုတန်ချိန် ၈ ဒသမ ၆ သိန်းအနက် ပေါင်းဆန် ၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၄၂ ရာခိုင်နှုန်း၊ ပုံမှန်ဆန်တင်ပို့မှု ၅၃ ရာခိုင်နှုန်း ဖြစ်နေသည့်အတွက် အခုကဲ့သို့ ပြည်ပပို့ကုန်အလားအလာ ကောင်းမွန်နေသည့် အခြေအနေတွင် ပြည်တွင်းဆန်ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးကို ယခုညီလာခံတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

**ဈေးကွက်အသစ်များ ရှာဖွေတင်ပို့ရန်လို**

မြန်မာ့ဆန်ကို လွန်ခဲ့သည့် ကာလများက အာဖရိကနှင့် ဥရောပနိုင်ငံများကို အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ရာမှ ယခုအခါအာရှဈေးကွက်ကို ပိုမိုတင်ပို့လာသည်အထိ ဈေးကွက်ကျယ်ပြန့် ပြောင်းလဲလာမှုကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အသစ်များကို ရှာဖွေတင်ပို့ရန်လိုအပ်သကဲ့သို့ မူလရရှိပြီးသား ဈေးကွက်များကိုလည်း ရေရှည်ဆက်လက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဆန်ကို ဝယ်ယူနေသည့်နိုင်ငံများထဲတွင် ယခင် ၃/၄ နှစ်က ဝယ်ယူမှုရှိပြီး လက်ရှိပျောက်ကွယ်နေသည့် အာဖရိကနှင့် တောင်အာရှဈေးကွက်များကိုလည်း ဆန်ပြန်လည်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်ပြန်လည်ရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ဌာနဆိုင်ရာများ ဘက်ကပါ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

ဆန်ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၂ သိန်း ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး တန်းမြင့်ဆန်တချို့ကိုလည်း အာဖရိကနိုင်ငံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုပါ တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာဈေးကွက်အခြေအနေများကိုလည်း မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျ တိုးချဲ့တင်ပို့နိုင်ရေးကို အလေးထားပြီး စီစဉ်လုပ်ဆောင်သင့်သည်ကို တိုက်တွန်းလိုပါကြောင်း၊ အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ်ပြီးတင်ပို့ရောင်းချမှုမှ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

> ❂ **မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီကာလက ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့၊ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပကို ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ခြင်းမှ တဖြည်းဖြည်း ပြည်ပတင်ပို့နိုင်မှု ကျဆင်းခဲ့၊ ၂၀၀၁ - ၂၀၀၂ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ပတင်ပို့နိုင်မှု ပြန်လည်တိုးတက်လာခဲ့၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆ သန်းကို နိုင်ငံ ၆၄ နိုင်ငံအထိ ပြန်လည်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရ**
>
> ❂ **လက်ရှိ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ၆ လတာကာလအတွင်း ဆန်တန်ချိန် ၅ သိန်းကျော်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သိန်း၊ စုစုပေါင်းတန်ချိန် ၈ ဒသမ ၆ သိန်းကျော်ကို နိုင်ငံ ၃၈ နိုင်ငံကို တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဆန် ၊ ဆန်ကွဲတန်ချိန် ၂ သိန်းကျော် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရ**

**တန်ဖိုးမြှင့်ထွက်ကုန်များ ထုတ်လုပ်**

ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့်ထွက်ကုန်များ ထုတ်လုပ်နိုင်အောင် စနစ်တကျ စီမံလုပ်ဆောင်သင့်ပါကြောင်း၊ ဆန်စပါးလုပ်ငန်းကို ပို့ကုန်မြှင့်တင်ရေးအတွက်သာမက သွင်းကုန်အစားထိုးရေးအတွက်ပါ မဟာဗျူဟာမြောက် စဉ်းစားဖော်ဆောင်နိုင်ပါကြောင်း၊ ဘေးထွက်ပစ္စည်းဖြစ်သည့် တိရစ္ဆာန်အစာအဖြစ်သာ အသုံးဝင်သည့် ဖွဲနုကို သွင်းကုန်အစားထိုးကျန်းမာရေးအထောက်အကူပြုနိုင်သည့် တန်ဖိုးမြင့် ဖွဲနုဆီထုတ်ယူပြီး ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက ပြည်ပမှဆီတင်သွင်းမှုလျှော့ချနိုင်မည်ဖြစ်သဖြင့် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်နိုင်ရေးအတွက် ပုဂ္ဂလိက၊ အစိုးရ၊ အသင်းအဖွဲ့ စသည့်ကဏ္ဍအသီးသီးမှ ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

နှစ်စဉ်ဆန်စပါးထုတ်လုပ်မှုမှ ၈၀ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းရှိ လုပ်သားပြည်သူများ၊ တောင်သူလယ်သမားများအပါအဝင် လူထုတစ်ရပ်လုံး၏ စားသုံးမှု၊ အခြားမုန့်ပဲသရေစာများ ထုတ်လုပ်မှုတွင် အသုံးချလျက်ရှိပြီး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပတင်ပို့မှု ဆောင်ရွက်နေခြင်းကြောင့် ပြည်တွင်းစားသုံးမှု၊ ဆန်စပါးဈေးကွက် တည်ငြိမ်ရေးကိုလည်း အစိုးရ-ပုဂ္ဂလိက တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း သွင်းအားစု ကုန်ကျစရိတ်များနှင့်လျော်ညီသည့် စပါးဈေးနှုန်းများရရှိရန် လိုအပ်မည်ဖြစ်သကဲ့သို့ စားသုံးသူ လုပ်သားပြည်သူများအတွက်လည်း သင့်တင့်သည့် ဆန်ဈေးနှုန်းများနှင့် ဝယ်ယူစားသုံးနိုင်ရေး၊ နိုင်ငံခြားပို့ကုန်ကိုလည်း စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး သုံးဖက်ညီလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အနာဂတ်တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရိတ်သိမ်းချိန်မတိုင်မီ စိုက်ပျိုးထုတ်လုပ်မှု (Pre-Harvest) ကဏ္ဍတွင် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို မျိုးအရေအတွက် နည်းနည်း ပမာဏများများဖြင့် ရွေးချယ်စိုက်ပျိုးစေရေး၊ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် စပါးမျိုးများကို စနစ်တကျရွေးချယ်ပြီး၊ စိုက်ပျိုးရာတွင်လည်း ဒေသအလိုက် ဇုန်များသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူ ကုမ္ပဏီများအကြား အကျိုးတူလယ်ယာစနစ် (Contract Farming)ဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ပြီး ဝင်ငွေတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီကြီးများ ထူထောင်ပြီး တန်ဖိုးကွင်းဆက် (Value Chain)တစ်လျှောက် စနစ်တကျထိရောက်စွာ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးကြရန် မှာကြားလိုပါကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**

ရိတ်သိမ်းချိန်လွန် (Post-Harvest) ကဏ္ဍတွင်လည်း စပါးအရည်အသွေး ထိန်းသိမ်းနိုင်ရေးအတွက် စပါးအခြောက်ခံစက်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး၊ ပြည်ပတင်ပို့ရာတွင် ဈေးကောင်းရရှိသည့် တန်းမြင့်ဆန် ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်များ တိုးတက်များပြားလာစေရေး၊ အရည်အသွေးကောင်းဆန်များကို အရေအတွက် ပိုမိုထုတ်လုပ်နိုင်ပြီး ပြည်ပဈေးကွက်ကို တိုးတက်တင်ပို့နိုင်ရေး၊ ဆန်စပါးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာများ ထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့တက်ရောက်လာသည့် ဆန်စပါးနယ်ပယ်မှ အတွေ့အကြုံရှိသည့် ဘာသာရပ်ဆိုင်ရာ ဆန်စပါးပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍ နယ်ပယ်အသီးသီးမှ ပါဝင်တက်ရောက်သူများ၊ ဆန်စပါးကဏ္ဍနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအပြင် ပြည်ပမှလာရောက်သည့် ဆန်စပါးပညာရှင်လည်း ပါဝင်တက်ရောက်ကြောင်း သိရှိရသည့်အတွက် အရည်အသွေးကောင်းမွန်သည့် ဆန်စပါးထုတ်လုပ်နိုင်ရေး၊ အရေအတွက်ပမာဏ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပနိုင်ငံများကို ပိုမိုတင်ပို့ရောင်းချနိုင်ရေးတို့အတွက် ထိထိရောက်ရောက်ဆွေးနွေးဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေတို၊ ရေရှည်စီမံကိန်း၊ စီမံချက်များဖြင့် ဆောင်ရွက်သွားရမည့် သုံးသပ်အကြံပြုချက်များကိုလည်း ဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် တစ်ချိန်က ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် မှတ်တမ်းတင်ခံခဲ့ရသော နိုင်ငံဖြစ်သည့်အတွက် ယခင်အခြေအနေကို ပြန်လည်ရောက်ရှိအောင် စိုက်ပျိုးသူ လယ်သမားကြီးများ၊ သိုလှောင်ကြိတ်ခွဲသူများ၊ ကုန်သည်ကြီးများ၊ ပြည်ပတင်ပို့သည့်ကုမ္ပဏီများ၊ တစ်ဆင့်ခံရောင်းဝယ်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် ဆန်စပါးနယ်ပယ်မှ အသင်းအဖွဲ့များက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုးတို့က မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ အခမ်းအနား ကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က **“နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့”** ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

တင်ပြဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းပညာများလိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမြေများကို စက်ကိရိယာများအသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုအပ်မှု၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဇီဝမြေဩဇာများကဲ့သို့သော သဘာဝမြေဩဇာများကို အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေနှင့် အောင်ရေများလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်စပါးများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ပြည်တွင်း ဈေးကွက်နှင့် ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်ရေး ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မှု၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအထူးပြပြခန်းများအတွင်း မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်၊ စပါးများနှင့် မြေဩဇာများ ပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ မြန်မာ့ဆန်စပါး ညီလာခံ ၂၀၂၂ (Myanmar Rice Conference – 2022) ကို အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ညီလာခံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးဝယ်ယူ၊ သိုလှောင်ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါး ကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၅ / ၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၅ /၂၀၂၂
၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Guardians and Wards Act ၏ မြန်မာဘာသာပြန်ဆိုချက်ကို ယင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ပြင်ဦးလွင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ အထက(ခွဲ) အလက(၁) ကျောင်းရှိ နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ကျောင်းသား ကျောင်းသူများအား စာပေမှ ရရှိသည့် အကျိုးကျေးဇူးများနှင့် သိကောင်းစရာများ၊ ယနေ့ခေတ် Social Media အသုံးပြုခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အခြား ဗဟုသုတများစွာ စသည်တို့ကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာမှတ်သားခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ကျင်းပသော Online ပုံပြင်ပြောပြိုင်ပွဲ၌ ပထမဆု ရရှိခဲ့သည့် ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု အထက(ခွဲ) အလက(၁)စတုတ္ထတန်းမှ မမေသွယ်ရှင်းသန့်အား ဆုချီးမြှင့်ခဲ့ပြီးနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ဗဟုသုတများစွာရရှိရန် ရည်ရွယ်ပြီး နံရံကပ်စာစောင်ပြဘုတ်များနှင့် စာအုပ်၊ စာပေများကို ခင်းကျင်းပြသရာ စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



## မိုင်းခုတ်မြို့၌ နမ့်လုံးချောင်းရေလွှဲဆည် ရေထိန်းတံခါးနှင့် တူးမြောင်းရေသောက်စနစ် တည်ဆောက်မည်

**မိုင်းခုတ် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခုတ်မြို့ ဟိုမိန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နမ့်လုံးချောင်းရေလွှဲဆည် ရေထိန်းတံခါးနှင့် တူးမြောင်းရေသောက်စနစ် တည်ဆောက်သွားနိုင်ရေး အတွက် တာဝန်ရှိသူများက အောက်တိုဘာ ၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ကျိုင်းတုံ) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းအောင်နှင့် မိုင်းဆတ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ခိုင်မြင့် နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်ပြီး အဆိုပါ နမ့်လုံးချောင်းရေလွှဲဆည် ရေထိန်းတံခါးနှင့် တူးမြောင်း ရေသောက်စနစ်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ထိုင်းအလုပ်ရှင်များက MoU အလုပ်သမားမဟုတ်သည့် အခြားအလုပ်သမားများ ခေါ်ယူခန့်အပ်သည့်ဖြစ်စဉ်များ တားဆီးနိုင်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၆

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Mr. Suchart Chomklin နှင့် တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံသည်။** (ယာပုံ)




ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဝင်းရှိန် က ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI– Certificate of Identity) ထုတ်ပေးရန် ထိုင်းအလုပ်သမားဝန်ကြီး၏ တောင်းဆိုမှုအပေါ် မူတည်၍ ထိုင်းနိုင်ငံရှိ CI သက်တမ်းတိုးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုများကို လာရောက်ကြည့်ရှုစစ်ဆေးနိုင်ရေး ထိုင်းအလုပ်အကိုင်ဌာနမှ ဖိတ်ကြားခြင်းကို ကျေးဇူးတင်ရှိပါကြောင်း။

ထိုင်းနိုင်ငံ ခရီးစဉ်တွင် CI သက်တမ်းတိုးစခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး တောင်းဆိုထားသည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI အသစ်ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်အသေးစိတ်ကို နှစ်နိုင်ငံ အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယခုခရီးစဉ်တွင် နှစ်နိုင်ငံ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်မှုများသည် အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်း။

ကိုဗစ်–၁၉ ကာလအတွင်း ထိုင်းနိုင်ငံလုပ်ငန်းရှင်များ၏ လုပ်သားလိုအပ်ချက် မြင့်မားခဲ့မှုကို ဖြည့်တင်းရန်နှင့် မြန်မာရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ကပ်ရောဂါကာလအလွန် MoU လုပ်ငန်းစဉ်များ ပြန်လည်စတင်ခဲ့ပြီး မေ ၁၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ MoU အလုပ်သမား စုစုပေါင်း ၅၆၂၇ ဦး စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် အလုပ်ခေါ်စာများ ပယ်ဖျက်ခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် စာချုပ်ပယ်ဖျက်ခြင်းကိစ္စများ မဖြစ်စေရေး၊ ထိုင်းအလုပ်ရှင်များက MoU အလုပ်သမားမဟုတ်သည့် အခြားအလုပ်သမားများ ခေါ်ယူခန့်အပ်သည့် ဖြစ်စဉ်များရှိသဖြင့် အလားတူဖြစ်ရပ်များကို တားဆီးနိုင်ရေး၊ MoU စနစ်ကို ထိခိုက်မှုမရှိစေရေး၊ MoU စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများအတွက် ဗီဇာကြေး ဘတ် ၅၀၀ သို့ လျှော့ချသည့် အမိန့်စာ အမြန်ဆုံးထုတ်ပြန်နိုင်ရေး၊ CI သက်တမ်းတိုးလုပ်ငန်းစဉ် ဆောင်ရွက်မှုသည် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးကိစ္စများ၊ ပထမအကြိမ်ကဲ့သို့ လုပ်ငန်းစဉ်ရပ်ဆိုင်းမှုမရှိစေရေးအတွက် သက်တမ်းတိုး ဖွင့်လှစ်ခွင့်ရရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းနှင့် အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး ပူးတွဲညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးကမ္ဘာ့ညီလာခံ (၅) ကြိမ်မြောက် ညီလာခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

အာရှဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) နှင့် အာဖရိကဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး (CCJA) ပူးတွဲညီလာခံကို အောက်တိုဘာ ၄ ရက်က စတင်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Online မှ တက်ရောက်ခဲ့သည်။ **(ယာပုံ)**




အဆိုပါ ပူးတွဲညီလာခံကို "Promoting Asian–African Cooperation for the Protection of People's Fundamental Rights" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပူးတွဲညီလာခံသို့ AACC အဖွဲ့ဝင်နိုင်ငံ (၁၆) နိုင်ငံနှင့် CCJA အဖွဲ့ဝင်နိုင်ငံ(၂၉) နိုင်ငံတို့မှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး/ ခုံရုံး/ ကောင်စီများ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ တက်ရောက်ကြပြီး AACC အဖွဲ့ဝင်နိုင်ငံများနှင့် CCJA အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များက စာတမ်းများဖတ်ကြား၍ အသိအမြင်နှင့် အတွေ့အကြုံ ဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

ထို့အတူ အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး ကမ္ဘာ့ညီလာခံအသင်း(WCCJ)၏ (၅) ကြိမ်မြောက်ညီလာခံသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းမှတစ်ဆင့် ဆက်လက် တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံကို "Constitu–tional Justice and Peace" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ရာ WCCJ အဖွဲ့ဝင် နိုင်ငံပေါင်း ၉၈ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး/ ခုံရုံး/ ကောင်စီတို့၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ ဖိတ်ကြားထားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များ တက်ရောက်ကြပြီး အသိအမြင် အတွေ့အကြုံ ဗဟုသုတများ ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်

**မကွေး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေသော ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေး မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အင်္ဂလိပ်စာအခြေခံသင်တန်းကို မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ အောက်တိုဘာ ၄ ရက်က ဖွင့်လှစ်သည်။




သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က မကွေးတိုင်းဒေသကြီးအတွင်းသို့ လာရောက်မည့် နိုင်ငံခြားသားဧည့်သည်များနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဘာသာစကားတတ်ကျွမ်းမှုသည် ဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းသို့ ဧည့်သည်များ ပိုမိုလာရောက်မှသာ ခရီးသွားလုပ်ငန်းဝင်ငွေတိုးတက်ရရှိမည်ဖြစ်၍ ဟိုတယ်ဝန်ထမ်းများ၏ ကျွမ်းကျင်မှုသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်နေကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေကြသော ဝန်ထမ်းများ ဝန်ဆောင်မှုကောင်းမွန်စေရေး၊ အရည်အသွေးမြင့်မားစေရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အဆင့် HSP အသိအမှတ်ပြုလက်မှတ်များနှင့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သင်တန်းနည်းပြတစ်ဦးက သင်တန်းတွင် သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသောဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုအောင်**

# နောင်ချိုမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျောက်မဲခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၂၆၇ သန်းဖြင့် Global Silver ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဟိုခို–ကျောက်ကြီးကျေးရွာအုပ်စုချင်းဆက်လမ်း ရှစ်မိုင်အနက် တစ်မိုင် ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါလမ်းတွင် ခြောက်လက်မထု အခြေခံလွှာ ၁၄ ပေ အကျယ်ခင်းခြင်းလုပ်ငန်း၊ ခြောက်လက်မထု အခြေခံလွှာ ၁၂ ပေ အကျယ်ခင်းခြင်းလုပ်ငန်း၊ နှစ်လက်မထု အပွန်းခံလွှာခင်းခြင်းလုပ်ငန်း၊ လမ်းတစ်ဖက်လျှင် အကျယ်လေးပေစီ လမ်းပခုံးခင်းခြင်းလုပ်ငန်း၊ လမ်းဘေးနှစ်ဖက်ရေမြောင်းအပါ စုစုပေါင်းလမ်း အကျယ် ၃၂ ပေနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ရာသီမရွေးအဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ယုံကြည်မှုကျဆင်းနေသော လူ့အခွင့်အရေးကောင်စီ

ဇင်ငြိမ်း

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်ကနေ အခု အောက်တိုဘာ ၇ ရက်အထိ ကျင်းပနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီက ၂၀၁၈ ခုနှစ်က ဖွဲ့စည်းပေးထားတဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) အကြီးအကဲ Mr. Nicholas Koumjian (အမေရိကန်) က တင်သွင်းခဲ့ပါတယ်။

IIMM အဖွဲ့ဟာ လူ့အခွင့်အရေးကောင်စီက ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ရဲ့ အရိုက်အရာကို ဆက်ခံတဲ့ အဖွဲ့ဖြစ်ပါတယ်။ FFM အဖွဲ့ကတော့ ၂၀၁၉ စက်တင်ဘာလမှာ လုပ်ပိုင်ခွင့်ပြီးဆုံးသွားပါတယ်။ FFM က သူတို့ရထားတဲ့ အချက်အလက်အထောက်အထားတွေကို IIMM ဆီ လွှဲပေးထားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီဖွဲ့ပေးခဲ့တဲ့ FFM အဖွဲ့ရဲ့ ရည်ရွယ်ချက်က ဘင်္ဂါလီအရေးကိစ္စပဲ ဖြစ်ပါတယ်။

ဘင်္ဂါလီအရေးကိစ္စလို့ပြောလိုက်ရင် အဲဒီကိစ္စရဲ့နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်နေတဲ့ အမေရိကန်နဲ့ အိုအိုင်စီတို့ဆိုတာ လူတိုင်းသိတဲ့ကိစ္စပါ။ FFM ဆိုတာကလည်း အမေရိကန်နဲ့ အိုအိုင်စီတို့ ကြိုးဆွဲတဲ့အတိုင်း ကုလသမဂ္ဂနဲ့လူ့အခွင့်အရေးကောင်စီတို့က ဖွဲ့စည်းပေးခဲ့တာပါပဲ။

## နိုင်ငံတကာအရေးကိစ္စဖြစ်လာ

FFM စဖွဲ့တဲ့ အချိန်တုန်းကတော့ ဘင်္ဂါလီအရေးအတွက် ဦးတည်ခဲ့ပြီး အမေရိကန်နဲ့ အိုအိုင်စီတို့က မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့နဲ့ သူတို့လိုချင်တာတွေရဖို့ပါ။ မြန်မာနိုင်ငံကို ဖိအားပေးရာမှာ အမေရိကန်က နိုင်ငံရေးရည်ရွယ်ချက်အတွက် ဘင်္ဂါလီကိစ္စကို အသုံးချပါတယ်။ အိုအိုင်စီက ဘင်္ဂါလီတွေ မြန်မာနိုင်ငံသားဖြစ်ဖို့၊ နယ်မြေရဖို့၊ အခွင့်အရေးရဖို့ ရည်ရွယ်ခဲ့ကြပါတယ်။ အမေရိကန်နဲ့အိုအိုင်စီတို့က မြန်မာနိုင်ငံကို နည်းလမ်းအမျိုးမျိုးနဲ့ ဖိအားပေးရာမှာ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကုလသမဂ္ဂနဲ့ လူ့အခွင့်အရေးကောင်စီကို အသုံးချပြီး ဖိအားပေးတဲ့နည်းလမ်းလည်း ပါပါတယ်။ အဲဒီလို ဖိအားတွေကြောင့် ဘင်္ဂါလီကိစ္စဟာ နိုင်ငံတကာအရေးကိစ္စဖြစ်လာပြီး ICJ အထိ ရောက်သွားခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံ ၂၀၂၀ ရွေးကောက်ပွဲနောက်ပိုင်းမှာ ဘင်္ဂါလီကိစ္စဟာ အမေရိကန်နဲ့ အိုအိုင်စီတို့ ရည်ရွယ်သလို ဖြစ်မလာတော့ပါဘူး။ ဒီအတွက် ဘင်္ဂါလီကိစ္စအပြင် ၂၀၂၂ နောက်ပိုင်းမှာ ဖြစ်လာတဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခတွေကို အသုံးချလာပြန်ပါတယ်။ အကြောင်းပြချက်ကတော့ သူတို့လက်သုံးစကား လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုတွေပါပဲ။ အဲဒီအကြောင်းပြချက်တွေဟာ အမေရိကန်က နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးချနေကျ အကြောင်းပြချက်တွေပဲ ဖြစ်ပါတယ်။

## ကုလသမဂ္ဂလည်း နှုတ်ဆိတ်နေ

ဒီမိုကရေစီထွန်းကားရေး၊ လွတ်လပ်ခွင့်ရရှိရေးဆိုတဲ့ အသုံးအနှုန်းတွေဟာ အမေရိကန်ရဲ့ လက်သုံးစကားတွေပါ။ ဒီအသုံးအနှုန်းတွေသုံးပြီး နောက်ကွယ်က နိုင်ငံရေးအမြတ်ထုတ်တာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်က အီရတ်နိုင်ငံကို အမေရိကန် ကျူးကျော်တိုက်ခိုက်တုန်းကလည်း နိုင်ငံတကာကို ဖြောင်လိမ်ပြီး အီရတ်ကိုဝင်ပြီး တိုက်ခိုက်သွားခဲ့တာ လက်တွေ့ပါပဲ။ အီရတ်မှာ အဖျက်စွမ်းအားကြီးလက်နက်တွေရှိလို့ဆိုပြီး အမေရိကန်က ဖြောင်ကျကျလိမ်လည်ပြီး အချုပ်အခြာပိုင်နိုင်ငံတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့တာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကုလသမဂ္ဂလည်း နှုတ်ဆိတ်နေခဲ့ပါတယ်။ အခုလည်း အဲဒီလိုနည်းလမ်းဟောင်းကြီးအတိုင်းပဲ ဖြစ်ပါတယ်။

အခုလည်း မြန်မာနိုင်ငံကို ဖိအားပေးဖို့အတွက် အမေရိကန်နဲ့အိုအိုင်စီတို့က လူ့အခွင့်အရေးကောင်စီကို လက်ကိုင်တုတ်အနေနဲ့ အသုံးချပြီး IIMM အဖွဲ့ကို ဖွဲ့ထားတာကြောင့် IIMM က တင်သွင်းတဲ့စာတမ်းဆိုတာ အမေရိကန်နဲ့ အိုအိုင်စီတို့ အလိုကျအတိုင်း ရေးထားတာပါပဲ။

လူ့အခွင့်အရေးကောင်စီရဲ့ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာဟာ တစ်ဖက်သတ်စွပ်စွဲထားတဲ့ အစီရင်ခံစာသာ ဖြစ်ပါတယ်။ IIMM အဖွဲ့အနေနဲ့က ဆုံးဖြတ်ချက်ချပြီး တရားစွဲအရေးယူလို့မရပေမယ့် မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်ချဖို့နဲ့ တရားစွဲဖို့အတွက် သက်သေအထောက်အထားအဖြစ် အသုံးချဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးကောင်စီကို တင်သွင်းလာတဲ့ အစီရင်ခံစာပါ အချက်အလက်တွေဟာ တရားမျှတမှု၊ မှန်ကန်မှု၊ ဘက်မလိုက်မှုတွေကို အခြေခံရယူထားတာထက် သူတို့လိုချင်တဲ့ အချက်တွေကိုပဲ သူတို့လိုလားတဲ့သူတွေဆီက စုဆောင်းထားတာပါ။ နိုင်ငံရေးဘက်လိုက်မှုတွေနဲ့ ရေးထားတဲ့အစီရင်ခံစာကို ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကောင်စီဆိုတဲ့ အဖွဲ့ကြီးကလည်း လက်ခံဆွေးနွေးခဲ့ပါတယ်။

လူ့အခွင့်အရေးကောင်စီရဲ့ ဒီလိုတစ်ဖက်သတ်လုပ်ဆောင်ခဲ့လို့ လူ့အခွင့်အရေးကောင်စီဟာ ယခင်ကလည်း အရှက်ရစရာတွေ ဖြစ်ခဲ့ပြီးပါပြီ။ ၂၀၁၈ ခုနှစ်က လူ့အခွင့်အရေးကောင်စီက နုတ်ထွက်ဖို့ အမေရိကန်နိုင်ငံက ကြေညာခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီဟာ နိုင်ငံရေးဘက်လိုက်မှုတွေ ရောပြွမ်းနေလို့ နုတ်ထွက်ရတာဖြစ်တယ်လို့ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ပြောခဲ့ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးကောင်စီကို ပြုပြင်ပြောင်းလဲဖို့တောင်းဆိုထားတာကို အကောင်အထည်ဖော်မပေးဘူးလို့ ပြောခဲ့ပါတယ်။

## လူ့အခွင့်အရေးကောင်စီအပေါ် အထင်ကြီးလေးစားသမှု ပျောက်ကွယ်သွားပြီလို့ပြော

လူ့အခွင့်အရေးကောင်စီကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောခဲ့တဲ့အထဲမှာ ဒီနှစ်ဆန်းပိုင်းမှာရော ပြီးခဲ့တဲ့နှစ်တွေအတွင်းကပါ အစ္စရေးနိုင်ငံအပေါ် ဆုံးဖြတ်ချက်ငါးခု ချမှတ်ခဲ့ခြင်းဟာ တရားမျှတမှုမရှိတဲ့အကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုပိုများတဲ့ မြောက်ကိုရီးယား၊ အီရန်နဲ့ ဆီးရီးယား သုံးနိုင်ငံအပေါ် ချမှတ်တဲ့ ဆုံးဖြတ်ချက်ထက် ပိုများကြောင်း၊ ဒါကြောင့် တစ်ချိန်က လူ့အခွင့်အရေးကောင်စီအပေါ်မှာ လေးစားတဲ့အမြင်ထားခဲ့ပေမယ့် အခုကတော့ အထင်ကြီးလေးစားသမှု ပျောက်ကွယ်သွားပြီလို့ ပြောခဲ့ပါတယ်။

လူ့အခွင့်အရေးကောင်စီကို ပြန်ပြင်လို့မရတဲ့ အခြေအနေမဆိုက်ခင်၊ ကောင်စီပြုပြင်ပြောင်းလဲရေး ချက်ချင်းအရေးယူဆောင်ရွက်ကြဖို့ လူ့အခွင့်အရေးကောင်စီကနေ အမေရိကန်မထွက်ခွာခင်မှာ အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောခဲ့ပါတယ်။ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအတွက် သိက္ခာကျစရာ၊ အရှက်ရစရာပါ။ ဒါပေမယ့် လူ့အခွင့်အရေးကောင်စီကတော့ ပြုပြင် ပြောင်းလဲမှုမရှိဘဲ နဂိုအတိုင်း ဘက်လိုက်မှုတွေနဲ့ လည်ပတ်နေတုန်းပါပဲ။

## လိုရင်တစ်မျိုး မလိုရင်တစ်မျိုး

လူ့အခွင့်အရေးကောင်စီရဲ့ နိုင်ငံရေးဘက်လိုက်မှုတွေက လိုရင်တစ်မျိုး မလိုရင်တစ်မျိုးနဲ့ပါ။ ပြီးခဲ့တဲ့ မေလအတွင်းက ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီး မီချဲလ်ဘက်ချလက်ရဲ့ တရုတ်နိုင်ငံခရီးစဉ်နဲ့ပတ်သက်လို့ အငြင်းပွားဖွယ်နဲ့ အရှက်ရစရာဖြစ်ခဲ့ပြန်ပါတယ်။ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ လက်ခံတဲ့ကိစ္စတွေမှာလည်း ဘက်လိုက်မှုတွေ ရှိခဲ့ပါတယ်။ ကြည့်မယ်ဆိုရင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဟာ လူ့အခွင့်အရေးကို အလေးထားတာထက် ဩဇာခံ၊ ကြိုးဆွဲခံနဲ့ နိုင်ငံရေးအသုံးချခံအဖွဲ့အစည်းတစ်ခုဆိုတာထက်မပိုပါဘူး။ လူ့အခွင့်အရေးကို တန်ဖိုးထား၊ အလေးထားတယ်ဆိုရင် လူတိုင်းအပေါ်၊ နိုင်ငံကြီးငယ်မရွေး တန်းတူညီမျှ ဖြစ်ရမှာပါ။

မြန်မာနိုင်ငံနဲ့ဖြစ်နေတဲ့ကိစ္စမှာလည်း အိုအိုင်စီနဲ့ အမေရိကန်အလိုကျ လုပ်ဆောင်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ မြန်မာနိုင်ငံမှာ ဘင်္ဂါလီအရေးဟာ ၂၀၁၁ ခုနှစ်မှ ဖြစ်ပွားလာတဲ့ကိစ္စမဟုတ်ပါဘူး။ လူ့အခွင့်အရေးကောင်စီဖွဲ့စည်းတဲ့ ၂၀၀၆ ခုနှစ်မတိုင်မီကတည်းက ဖြစ်ပွားနေတာပါ။ ဒါပေမယ့် မြန်မာ့နိုင်ငံရေးအကူးအပြောင်းမှာ ပထဝီနိုင်ငံရေးအမြတ်ထုတ်ဖို့နဲ့ ဘင်္ဂါလီအရေးမှာ အိုအိုင်စီအလိုကျဖြစ်ဖို့ ၂၀၁၇ မှာမှ FFM ဖွဲ့ပြီး ၂၀၁၁ ခုနှစ်ကစပြီး ကျူးလွန်ခဲ့တာတွေကို အထောက်အထားယူဖို့လုပ်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် လူ့အခွင့်အရေးကောင်စီဆိုတာ လူသားတိုင်း၊ နိုင်ငံတိုင်းကို ကိုယ်စားပြုနေတာမဟုတ်ဘဲ လွှမ်းမိုးနိုင်တဲ့ နိုင်ငံနဲ့ အဖွဲ့အစည်းအချို့ကိုယ်စား လုပ်ဆောင်ပေးနေတဲ့ လူ့အခွင့်အရေးအမည်ခံအဖွဲ့ပဲ ဖြစ်ပါတယ်။

လက်ရှိကျင်းပနေတဲ့ လူ့အခွင့်အရေးကောင်စီမှာ မြန်မာနိုင်ငံကို ဖိအားပေးဖို့ ရည်ရွယ်ပြီး ဥရောပသမဂ္ဂ၊ အိုအိုင်စီတို့နဲ့ အပြန်အလှန်ဆွေးနွေးပြီး လက်ဝါးရိုက်ကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြပါတယ်။ IIMM က တင်သွင်းတဲ့အစီရင်ခံစာပါ အချက်အလက်တွေဆိုတာကလည်း အခြေအနေမှန်၊ အဖြစ်မှန်တွေချည်းမဟုတ်ပါ ဘူး။ မြန်မာအစိုးရကို အပြစ်ဖို့လို့ရမယ့် အချက်တွေကိုပဲ စုစည်းဖော်ပြထားပါတယ်။

ကမ္ဘာမှာ မြန်မာနိုင်ငံထက် လူ့အခွင့်အရေးဆိုင်ရာ အညွှန်းကိန်းနိမ့်နေတဲ့ နိုင်ငံတွေရှိပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးအဖွဲ့ကြီးက မသိကျိုးကျွန်လုပ်နေပါတယ်။ အဲဒီနိုင်ငံတွေမှာ အမေရိကန်ရဲ့ အကျိုးစီးပွားနဲ့ အိုအိုင်စီရဲ့ အကျိုးစီးပွားတွေမရှိတဲ့အတွက် လူ့အခွင့်အရေးကောင်စီက အဲဒီနိုင်ငံတွေရဲ့ လူ့အခွင့်အရေးတွေကို ဂရုမစိုက်သလို ဖိအားပေးဖို့လည်း မလုပ်ပါဘူး။ ဒီလိုဘက်လိုက်တဲ့အဖွဲ့အစည်းတွေ၊ မျှတမှုမရှိတဲ့ အဖွဲ့အစည်းတွေကြောင့် ကမ္ဘာမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ကမ္ဘာ့အဖွဲ့အစည်းကြီးက မထိန်းနိုင်တာတွေ့နေရပါတယ်။

နိုင်ငံတွေကို ကိုယ်စားပြုနေတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးကိုယ်တိုင်က ဘက်လိုက်နေရင်၊ မျှတမှုမရှိရင် ဒီအဖွဲ့အစည်းအပေါ် နိုင်ငံတွေရဲ့ ယုံကြည်မှုကျဆင်းလာမှာ သေချာပါတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့၊ လူသားချင်းစာနာထောက်ထားမှုတို့ဆိုတာ ကိုယ်ကျိုးစီးပွားအတွက်၊ နိုင်ငံရေးအတွက် အသုံးချတဲ့လက်နက်တွေ မဟုတ်ပါဘူး။ ဒီမိုကရေစီကို အလေးထားပါတယ်ဆိုတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး၊

စာမျက်နှာ ၉ သို့

“နိုင်ငံတွေကို ကိုယ်စားပြုနေတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး ကိုယ်တိုင်က ဘက်လိုက်နေရင်၊ မျှတမှုမရှိရင် ဒီအဖွဲ့အစည်းအပေါ် နိုင်ငံတွေရဲ့ ယုံကြည်မှုကျဆင်းလာမှာ သေချာပါတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့၊ လူသားချင်းစာနာထောက်ထားမှုတို့ဆိုတာ ကိုယ်ကျိုးစီးပွားအတွက်၊ နိုင်ငံရေးအတွက် အသုံးချတဲ့လက်နက်တွေ မဟုတ်ပါဘူး။ ဒီမိုကရေစီကို အလေးထားပါတယ်ဆိုတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး၊ လူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ အဖွဲ့ကြီးတွေကိုယ်တိုင်က အဖွဲ့ကြီးရဲ့ ပဋိညာဉ်နဲ့ ရည်ရွယ်ချက်တွေကို ဖောက်ဖျက်နေကြပါတယ်”

“လူ့အခွင့်အရေးကောင်စီရဲ့ ဒီလိုတစ်ဖက်သတ်လုပ်ဆောင်ခဲ့လို့ လူ့အခွင့်အရေးကောင်စီဟာ ယခင်ကလည်း အရှက်ရစရာတွေ ဖြစ်ခဲ့ပြီးပါပြီ။ ၂၀၁၈ ခုနှစ်က လူ့အခွင့်အရေးကောင်စီက နုတ်ထွက်ဖို့ အမေရိကန်နိုင်ငံက ကြေညာခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီဟာ နိုင်ငံရေးဘက်လိုက်မှုတွေ ရောပြွမ်းနေလို့ နုတ်ထွက်ရတာဖြစ်တယ်လို့ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ပြောခဲ့ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးကောင်စီကို ပြုပြင်ပြောင်းလဲဖို့တောင်းဆိုထားတာကို အကောင်အထည်ဖော်မပေးဘူးလို့ ပြောခဲ့ပါတယ်”

# ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲ မဲစာရင်းများ မှန်ကန်ရေး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

**စစ်တွေ အောက်တိုဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အခြေခံမဲစာရင်း မှန်ကန်စေရေးဆောင်ရွက်ရာတွင် အခြေခံမဲစာရင်းများ ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပုံစံ- ၆၆/၆ စာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း အမှန်နေထိုင်သည့် စာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးသည့် အခြေခံအချက်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ပြောကြားသည်။ **(ယာပုံ)**

ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စာရင်းမှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်း၍ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ ၁၇ မြို့နယ်အားကနဦးတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်မှ ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး မြေပြင်တွင် အမှန်နေထိုင်မှု မရှိသူ၊ သေဆုံးသူများအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ စာရင်းပယ်ဖျက်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်ပြီးသော စာရင်းများကိုလည်း မြို့နယ်ကော်မရှင်သို့ ပေးပို့၍ မြို့နယ်ကော်မရှင်မှ စာရင်းပယ်ဖျက်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မဲစာရင်းမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းက ဆောင်ရွက်၍ မရသည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး လဝက၊ ရွေးကောက်ပွဲကော်မရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်



အတွက်ကြောင့် အားလုံးပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဦးအောင်မျိုးက မဲစာရင်းများမှန်ကန်ရေးမြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ Virtual Online စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက မဲစာရင်းများမှန်ကန်ရေး မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ဘားအံ အောက်တိုဘာ ၆**

"ပညာရေး ပြုပြင်ပြောင်းလဲမှု- ဆရာများကအစပြု" ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ဘားအံမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများက မြတ်ဆရာတေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့(၅)ဖွဲ့၏ ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ကရင်ပြည်နယ် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ဖတ်ကြားပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက "ဆရာ့ဂုဏ်အင်" စာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး **(အပေါ်ပုံ)**အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမများနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းအုပ် ဆရာကြီးများက ဆရာ့ဂုဏ်ရည်သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာသော ဆရာ ဆရာမများ၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မုဒုံမြို့နယ်၌ ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီး

**မုဒုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျုံဖိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ( VDP ) စီမံကိန်း ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်းဖြင့် လမ်းအရှည် ၄၂၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း၊ Slab Culvert အရှည် သုံးပေ ခြောက်လက်မ၊ အကျယ် ၂၂ ပေ၊ အမြင့် တစ်ပေ ခြောက်လက်မကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာအတွင်းရှိ ပြည်သူများကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် အောက်တိုဘာ ၆**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

လူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ အဖွဲ့ကြီးတွေကိုယ်တိုင်က အဖွဲ့ကြီးရဲ့ ပဋိညာဉ်နဲ့ ရည်ရွယ်ချက်တွေကို ဖောက်ဖျက်နေကြပါတယ်။ ဒီလိုအဖွဲ့အစည်းတွေကပြောနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာက ခေးသွားပေါ်က ပျားရည်တစ်စက်လိုပါပဲ။ သူတို့ပြောတဲ့ တရားမျှတမှုဆိုတာက သူတို့ပေတံနဲ့တိုင်းတဲ့ တရားမျှတမှုတွေ ဖြစ်နေပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ အကြီးအကဲဖြစ်တဲ့ ခေတ္တမဟာမင်းကြီးကိုယ်တိုင်က အိုအိုင်စီ၊ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ ကြိုးဆွဲရာအတိုင်း "က" နေတာဟာ ကမ္ဘာ့အဖွဲ့အစည်းကြီးအတွက် သိက္ခာကျဆင်းစေပြီး အရှက်ရစရာလည်းဖြစ်ပါတယ်။

**ကမ္ဘာစစ်ကြီးတွေ ထပ်မံမဖြစ်ပွားဖို့နဲ့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးတည်ဆောက်ဖို့ရည်ရွယ်**

ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်တွေဟာ အမှန်တကယ် ကောင်းမွန်ပါတယ်။ လူသားသမိုင်းတစ်လျှောက်တွေ့ကြုံခဲ့ရတဲ့ ကမ္ဘာစစ်ကြီးတွေလို ထပ်မံမဖြစ်ပွားဖို့နဲ့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးတည်ဆောက်ဖို့ ရည်ရွယ်ခဲ့တာပါ။ ကမ္ဘာ့လူသားတွေကောင်းကျိုး၊ အနာဂတ်ကောင်းကျိုးတွေအတွက် ဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့အဖွဲ့အစည်းကြီးနဲ့ လက်အောက်ခံအဖွဲ့တွေက ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို မျက်ကွယ်ပြု၊ ပဋိညာဉ်တွေကို ချိုးဖောက်နေရင် ကမ္ဘာကြီးမှာ ပဋိပက္ခနဲ့ မငြိမ်းချမ်းမှုတွေ ပိုတိုးလာဖို့ပဲ ရှိပါတယ်။

ကမ္ဘာမှာ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေ၊ ကျူးကျော်တိုက်ခိုက်မှု၊ ကြားခံစစ်ပွဲ၊ ပြည်တွင်းရေးစွက်ဖက်မှုဆိုတာတွေ တိုးမြင့်လာနေပါတယ်။ အင်အားကြီးနိုင်ငံတွေက ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံငယ်တွေကို အသုံးချဖို့ ကြိုးစားနေပါတယ်။ အဲဒီကတစ်ဆင့်ဖြစ်လာတဲ့ အကျိုးဆက်တွေက နိုင်ငံအားလုံးကို ထိခိုက်နေပါတယ်။ ဒီလိုအချိန်မှာ ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့တွေက ကမ္ဘာကြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားမျှတရေးတွေ လုပ်ရမယ့်အစား တစ်လွဲဆံပင်ကောင်းပြီး လက်ဝါးကြီးအုပ် နိုင်ငံကြီးအချို့နဲ့ အဖွဲ့အစည်းအချို့ရဲ့ လက်ကိုင်တုတ်အဖြစ်နဲ့ ဘက်လိုက်နေတာကြောင့် ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့တွေရဲ့ ရပ်တည်ချက်အပေါ် မေးခွန်းထုတ်စရာဖြစ်နေတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ လူ့အခွင့်အရေးကောင်စီရဲ့ ရပ်တည်ချက်ကိုကြည့်ရင် ပြဿနာတစ်ရပ်ဖြေရှင်းရေးထက် ပြဿနာပိုမိုကြီးထွားရေး၊ နောက်ကွယ်က အမြတ်ထုတ်လိုသူတွေရဲ့ လိုလားချက် ပြည့်ဝရေးကို အဓိကရည်ရွယ်တာတွေ့ရပါတယ်။ မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွား လုံးဝမပါဘူး။ လူ့အခွင့်အရေးကောင်စီရဲ့ ဒီလိုတစ်ဖက်သတ်လုပ်ဆောင်မှုကြောင့် နိုင်ငံတချို့က လူ့အခွင့်အရေးကောင်စီကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြပါတယ်။

အခုဆို လူ့အခွင့်အရေးကောင်စီရဲ့ ဘက်လိုက်မှု၊ မမျှတတာတွေကြောင့် အဖွဲ့အစည်းအပေါ် ယုံကြည်မှုကျဆင်းနေပါပြီ။ ကမ္ဘာ့အဖွဲ့အစည်းတစ်ခုအပေါ် အဖွဲ့ဝင်နိုင်ငံတွေက ယုံကြည်မှု ကျဆင်းလာတာဟာ အနာဂတ်ကမ္ဘာအတွက် ကောင်းတဲ့အလားအလာ မဟုတ်တာတော့ သေချာပါတယ်။ ။

# ကမ္ဘာကြီးရဲ့ အဆိုးအကောင်းဖန်တီးရှင်တွေနဲ့ဝင်ရိုးတန်းအပြောင်းအလဲ

မြင့်မြတ်

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ “ဝင်ရိုးတန်း” polarity ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲနေတာကြာပါပြီ။ Bipolar, unipolar, multipolar စသဖြင့် ဖြစ်ပါတယ်။ ခေတ်ကာလအသီးသီးမှာ နိုင်ငံတကာစနစ်တွေအပေါ် လွှမ်းမိုးချုပ်ကိုင်တဲ့ အင်အားကြီးနိုင်ငံတစ်နိုင်ငံ၊ နှစ်နိုင်ငံ စသဖြင့် မူတည်ပြီး ဝင်ရိုးတန်းပုံစံ အမျိုးမျိုးရှိခဲ့ကြပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး မျက်နှာစာအသီးသီးမှာ လူအင်အား ဓနအင်အား သာလွန်မှုအရ ပါဝါကြီးမားမှု၊ အရင်းအမြစ်အသုံးချမှု၊ ခွဲဝေကြမှု၊ မျှတမှုနဲ့ တန်ဖိုးထားမှု၊ အမျိုးသား အကျိုးစီးပွားအခြေခံ လစ်ဘရယ်အခြေခံ စသဖြင့် ဦးတည်တဲ့ လမ်းကြောင်းတွေအပေါ်မူတည်ပြီး ဝင်ရိုးတန်းအပြောင်းအလဲများ ဖြစ်ပေါ်လေ့ရှိပါတယ်။ ကမ္ဘာမှာ နိုင်ငံအားလုံးထက် ပါဝါသာလွန်တဲ့ အင်အားအကြီးဆုံးနိုင်ငံ နှစ်နိုင်ငံက သို့မဟုတ် ခေါင်းဆောင်မှုယူထားတဲ့ အုပ်စုနှစ်ခုက ချိန်ခွင်လျှာအညီအမျှ ထိန်းထားနိုင်တဲ့အခြေအနေမှာ ဒွိဝင်ရိုး Bipolar ဖြစ်နေပြီး ဆူပါပါဝါတစ်နိုင်ငံ ကကျဆုံးသွားပြီး ပြိုင်ဘက်ဆူပါပါဝါက ပြိုင်ဘက်မရှိ ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်နိုင်တဲ့ အနေအထားရောက်လာရင်တော့ Unipolar ဧကဝင်ရိုးအဖြစ် သတ်မှတ်ထားကြပါတယ်။

**ဝင်ရိုးစုံကမ္ဘာသစ်ဆီလှမ်းလို့ ချီနေပါပြီ**

ကမ္ဘာ့ဇာတ်ခုံမှာ ဝင်ရိုးကမ္ဘာ အမျိုးမျိုးနဲ့ အခင်းအကျင်းမျိုးစုံကို ကြုံဆုံခဲ့ကြရာမှာ ယခုမျက်မှောက်မှာလည်း အရွေ့တစ်ခု၊ အခင်းအကျင်းသစ်တစ်ခုဆီသို့ လှမ်းနေကြပြီလို့ ကမ္ဘာ့စာမျက်နှာအသီးသီးက ဖော်ပြနေကြပါပြီ။ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလမှာ Bipolar၊ ဆိုဗီယက်ယူနီယံကြီးပြိုကွဲအပြီးမှာတော့ ပြိုင်ဘက်ကင်း အမေရိကန်တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနိုင်ခဲ့တဲ့ Unipolar၊ ယခုမျက်မှောက်မှာတော့ နိုင်ငံကြီး နိုင်ငံငယ် အများစု ချဉ်းကပ်နေကြတဲ့ ဝင်ရိုးစုံကမ္ဘာသစ် Multipolar စသည် ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ အာရှအရှေ့ဖျားစီးပွားရေးဖိုရမ် EEF 2022 သည်ပင် ဝင်ရိုးစုံကမ္ဘာကြီးဆီ လှမ်းချီနေပုံကို ထင်ရှားတဲ့ အခင်းအကျင်းတစ်ခုအဖြစ် မြင်လို့ရပါတယ်။ ဖိုရမ်ရဲ့ theme ကိုက " The path to a Multipolar world" လို့ သတ်မှတ်ခဲ့တာပါ၊ ကမ္ဘာကြီးက “ဗဟုဝင်ရိုးစုံ ကမ္ဘာကြီးဆီသို့ မြိုင်မြိုင်ဆိုင်ဆိုင် လှမ်းလို့ချီ” နေကြပါပြီ။ မကြာပါဘူး၊ EEF ကျင်းပပြီး ရက်ပိုင်းအတွင်းမှာပဲ ဥဇဘက်ကစ္စတန်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SCO ထိပ်သီးအစည်းအဝေးတစ်ခုကိုလည်း ကျင်းပပြီးစီးခဲ့ပြန်ပါတယ်။ SCO မှာ တရုတ်၊ ရုရှား၊ အိန္ဒိယ ထိပ်သီးနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ခဲ့ကြရပြီး မြန်မာ၊ အီရန်လို အဖွဲ့ဝင်သစ်တွေ ပါဝင်ပူးပေါင်းလာကြမယ့် အနေအထားတွေလည်း မြင်နေရပါတယ်။ အီဂျစ်၊ ဆော်ဒီ၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး၊ မော်လ်ဒိုက်စတဲ့ နိုင်ငံတွေလည်း SCO ရဲ့ ဆွေးနွေးဖက် နိုင်ငံများအဖြစ် အသိအမှတ်ပြုခံခဲ့ကြရပါတယ်။

> ❖ **ယနေ့ခေတ်မှာ အချို့နိုင်ငံတွေဟာ ယခင်ကလို မိမိအယူဝါဒရေးရာတစ်ခုတည်းကိုသာ ရှေ့တန်းတင် ဦးစားမပေးကြတော့တဲ့အပြင်မိမိကိုမလိုမုန်းထား ဆန့်ကျင်နေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနည်းလမ်းပေါင်းစုံနဲ့ ဩဇာချဲ့ထွင်မှုတွေအပေါ်မှာပါ သတိထား၊ မျက်ခြည်ပြတ်မခံ ဟန့်တားနိုင်ဖို့အထိ စဉ်းစားလာကြပြီဖြစ်ပါတယ်။ ဒီနေရာမှာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ခံနေရတယ်၊ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဟာ ခြိမ်းခြောက်ခံနေရတယ် စသဖြင့် မှိုင်းတိုက်မှုတွေ၊ ရန်ရှာမှုတွေ၊ ဖယ်ကျဉ် ခံရမှုတွေကို မခံစားနိုင်တော့တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများစွာဟာ သူတို့တန်ဖိုး သူတို့ပြသနိုင်ဖို့ တန်းတူအခွင့်အရေးကိုလိုချင်လို့သာ သီးခြားကမ္ဘာတွေကို စည်းရုံးတည်ဆောက်လာကြတယ်လို့ မြင်မိပါတယ်**

**အိန္ဒိယနိုင်ငံ၏အရွေ့က လွတ်လပ်စွာရပ်တည်ခွင့်ကိုပြသနေ**

ဝင်ရိုးစုံ ကမ္ဘာဆီချဉ်းကပ်မှု အပြောင်းအလဲပုံစံတစ်ခုကို မြင်သိကြားသိနေရာမှာ ထူးခြားချက်က ကမ္ဘာ့လူဦးရေနဲ့ စီးပွားရေးပဉ္စမမြောက် အကြီးဆုံးဖြစ်တဲ့ အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံရဲ့ အရွေ့တစ်ခုဟာ အားလုံးအတွက် သတိထားစရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် မေလကမှ ဖွဲ့စည်းခဲ့တဲ့ အမေရိကန်ဦးဆောင်တဲ့ အင်ဒိုပစိဖိတ်စီးပွားရေးမူဘောင် IPEF အဖွဲ့ကနေ အိန္ဒိယနိုင်ငံကြီးက နုတ်ထွက်လိုက် တယ်ဆိုတဲ့ သတင်းနဲ့အတူ SCO မှာ အိန္ဒိယနိုင်ငံကြီးရဲ့ ပါဝင်ပူးပေါင်းလာမှုဟာ ကမ္ဘာကြီးအတွက် ကောင်းသော အတိတ်နိမိတ်တစ်ခုအဖြစ် ထင်ရှားလာပါတယ်။

အိန္ဒိယဟာ ကိုယ့်အမျိုးသားအကျိုးစီးပွားနဲ့ ဒေသအကျိုးအတွက် လွတ်လွတ်လပ်လပ် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ နုတ်ထွက်ခဲ့တာဖြစ်တယ်လို့ ယူဆရပြီး တရုတ်၊ ရုရှား စတဲ့ SCO အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပိုပြီးအစေးကပ်လာတဲ့ သဘောအဖြစ် သုံးသပ်ကြပါတယ်။ အကျိုးတူရာချင်း စည်းလုံးသွားတဲ့ အသွင်အပြင်တစ်ခုအဖြစ်မြင်နိုင်ပါတယ်။ လွတ်လွတ်လပ်လပ် ရပ်တည်ခွင့်ရှိတဲ့ နိုင်ငံတစ်နိုင်ငံ အပေါ် အင်အားကြီးတဲ့ ဘယ်လိုနိုင်ငံမျိုးကမှ လွယ်လွယ်နဲ့ ထိန်းချုပ်လို့မရဘူး၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ မရဘူး ဆိုတာကို လက်တွေ့ပြသလိုက်ခြင်းလည်းဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အင်အားကြီးတွေရဲ့ အစဉ်အဆက် ခွဲခြားဆက်ဆံမှု၊ ဗိုလ်ကျ လွှမ်းမိုးချုပ်ကိုင်မှုတွေကို စိုးရိမ်နေကြတယ်ဆိုတဲ့အချက်ကို ထင်ဟပ်နေခြင်းလည်း ဖြစ်ပါတယ်။

**ဩဇာချဲ့ထွင်မှုတွေ မလိုလား၍ သီးခြားကမ္ဘာများ တည်ဆောက်လာကြ**

အချို့နိုင်ငံတွေက မိမိတို့ မူလပါဝင်နေတဲ့ အဖွဲ့ဟာ စီးပွားရေး၊ ကုန်သွယ်ရေးကို အဓိကထားတယ်ဆိုပေမယ့် တကယ်လက်တွေ့မှာ ပထဝီနိုင်ငံရေးအရ စစ်ရေးအရ အသုံးချခံရ သက်သက်သာဖြစ်နေပြီး အကျိုးစီးပွားမမျှတ၊ မသေချာမရေရာတဲ့ ရည်မှန်းချက်တွေကို တွေ့လာရတဲ့အခါ အဖွဲ့အပေါ် ယုံကြည်မှုကင်းမဲ့လာကြပါတယ်၊ စစ်မှန်တဲ့ အကျိုးစီးပွားနဲ့ သေချာရေရာတဲ့ အဖွဲ့အစည်းတွေအပေါ် ချဉ်းကပ်လာခြင်းဟာ သဘာဝကျပါတယ်။

ယနေ့ခေတ်မှာ အချို့နိုင်ငံတွေဟာ ယခင်ကလို မိမိအယူဝါဒရေးရာတစ်ခုတည်းကိုသာ ရှေ့တန်းတင် ဦးစားမပေးကြတော့တဲ့အပြင် မိမိကိုမလိုမုန်းထား ဆန့်ကျင်နေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနည်းလမ်းပေါင်းစုံနဲ့ ဩဇာချဲ့ထွင်မှုတွေအပေါ်မှာပါ သတိထား၊ မျက်ခြည်ပြတ်မခံ ဟန့်တားနိုင်ဖို့အထိ စဉ်းစားလာကြပြီဖြစ်ပါတယ်။ ဒီနေရာမှာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ခံနေရတယ်၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဟာ ခြိမ်းခြောက်ခံနေရတယ် စသဖြင့် မှိုင်းတိုက်မှုတွေ၊ ရန်ရှာမှုတွေ၊ ဖယ်ကျဉ် ခံရမှုတွေကို မခံစားနိုင်တော့တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများစွာဟာ သူတို့တန်ဖိုးသူတို့ ပြသနိုင်ဖို့ တန်းတူအခွင့်အရေးကိုလိုချင်လို့သာ သီးခြားကမ္ဘာတွေကို စည်းရုံးတည်ဆောက်လာကြတယ်လို့ မြင်မိပါတယ်။

**အကျိုးစီးပွားတူရာစုမိသည့် အခင်းအကျင်းအသစ်နဲ့မြင်ကွင်းသစ်**

ယခုလက်ရှိကမ္ဘာ့အခင်းအကျင်းရဲ့ ကစားပွဲအသစ်တွေဆိုရာမှာ ပလေယာအားလုံးဟာ ကိုယ်အလေးသာတဲ့ မျက်နှာစာပေါင်းစုံက ပါဝင်ကစားနေကြတာဖြစ်ပါတယ်။ ရှေ့ရှည်ကိုကြည့်ပြီး၊ ပြိုင်ဘက်ပျက်သုဉ်းရေး အဓိကဦးတည်ပြီး နိုင်ငံရေးမျက်နှာစာ၊ စစ်ရေးမျက်နှာစာတင်မက စီးပွားရေးမျက်နှာစာမှာပါ အပြိုင်အဆိုင် ယှဉ်ပြိုင်ထိုးနှက်နေကြတာဖြစ်ပါတယ်။ မျက်နှာစာပေါင်းစုံမှာ မိမိနိုင်ငံ မိမိအကျိုးဦးစားပေး ယှဉ်ပြိုင်လာကြတာဆိုတော့ အခင်းအကျင်းက အသစ်အသစ်တွေ ဖြစ်လာသလို မြင်ကွင်းသစ်နဲ့ ဗားရှင်းအသစ်တွေကိုလည်း တွေ့လာရပါတော့တယ်။

ကိုယ့်အကျိုးစီးပွားသက်သက်ဖြစ်လာတဲ့အခါ ယခင်အစဉ်အဆက် လက်တွဲခဲ့သူတွေကို လက်တွဲဖြုတ်၊ အကျိုးစီးပွားဘက်ချင်း သီးသန့်ဝန်းကျင်တွေ ထူထောင်ကြရင်းနဲ့ ဝင်ရိုးအသစ်နဲ့ ဝင်ရိုးတွေ များလာတယ်လို့ ဆိုရပါမယ်။ ယနေ့ကမ္ဘာကြီးမှာ တသီးတခြား တစ်ထီးတစ်နန်း နေလို့မရတော့ပါဘူး၊ အကျိုးစီးပွားချင်း တူရာတူရာစုရတော့မယ့်အနေအထားမှာ ရောက်နေပြီဆိုတာ သတိပြုမိနေကြပါပြီ။

အိန္ဒိယနဲ့ တရုတ်၊ ပါကစ္စတန်နဲ့ အိန္ဒိယတို့ဟာ သိပ်မတည့်ကြတဲ့နိုင်ငံတွေပါ၊ NATO အဖွဲ့ဝင်တူရကီဆိုလည်း ဒီလိုပါပဲ။ အမေရိကန်ကို ဆန့်ကျင်ပြီး သူ့လမ်းသူ လျှောက်တယ်၊ အကျိုးစီးပွားတူရာချင်း၊ တန်ဖိုးတူရာချင်း စုစည်းမိကြတဲ့သဘောကို တွေ့ရပါတယ်။ အချို့နေရာတွေမှာ လစ်ဘရယ်နဲ့ ဒီမိုကရေစီနေရာမှာ မျိုးချစ်စိတ်နဲ့ အမျိုးသားရေး လက္ခဏာတွေ မသိမသာအစားထိုးလာနေတာကိုလည်း မြင်အောင်ကြည့်စေချင်ပါတယ်။ ( ဥပမာ- အီတလီနိုင်ငံရေးအပြောင်းအလဲ)၊ ဦးဆောင်သူတွေ ပြောင်းလဲလာမယ့် အနေအထားနဲ့ ဖန်တီးရှင်တွေ ပေါ်ထွက်လာမယ့် အခြေအနေတွေကို မျက်ခြည်ပြတ်လို့ကတော့ ကိုယ်ခံရမယ့်ကိန်း ဆိုက်သွားနိုင်ပါတယ်။

ကြည့်ပါ၊ အမေရိကန်ရဲ့မဟာမိတ်အဖြစ် ရပ်တည်ခဲ့ကြတဲ့ အရှေ့အလယ်ပိုင်း ဆော်ဒီနဲ့ ယူအေအီးက ရုရှားနဲ့ ပိုနီးစပ်သွားခဲ့ပါပြီ၊ အိန္ဒိယလည်း ထို့အတူပါပဲ။ ထိုင်ဝမ်အရေးကြောင့် တရုတ်ဟာ အမေရိကန်နဲ့ ပိုတင်းမာသွားပြီး ရုရှားနဲ့ပိုနီးစပ်သွားပါပြီ၊ ယခုလို မိမိပြိုင်ဘက်တွေ ခိုင်မြဲလက်တွဲသွားခြင်းဟာ အမေရိကန်အတွက် မကောင်းဘူးလို့ သူကိုယ်တိုင် ယူဆပြီးလည်း ဖြစ်ပါတယ်။

သို့ပေမယ့် တချို့မလိုလားအပ်တဲ့ နိုင်ငံရေးစတန့်တွေကြောင့် ယုံကြည်အားကိုးမှု လျော့လာကြတယ်၊ အဆိုးဆုံးက ဒီမိုကရေစီအပေါ် တန်ဖိုးထားမှု ယုတ်လျော့လာပြီး မတည်ငြိမ်မှုတွေ များလာတယ်ဆိုတဲ့ အချက်တွေကိုတော့ သူကိုယ်တိုင် သဘောပေါက်ပုံ မရသေးပါဘူး။ ဒါဟာ အနာဂတ်ကမ္ဘာကြီးအတွက် မကောင်းတဲ့အလားအလာပါ။ တာဝန်ယူ တာဝန်ခံမှု မရှိသေးသ၍ ဒီလို သက်ရောက်မှုတွေကနေ ဆင်းရဲတဲ့နိုင်ငံတွေရော ချမ်းသာတဲ့နိုင်ငံများပါ မလွတ်နိုင်သေးဘူးဆိုတာ အမြဲသုံးသပ်နေရမှာ ဖြစ်ပါတယ်။

**တစ်နိုင်ငံတည်းရဲ့အတ္တကြောင့်ဆိုတာ မြင်လာကြပြီ**

အမေရိကန်ရဲ့ ဩဇာကျဆင်းနေပြီလို့ ယခင်အင်္ဂလန်ဝန်ကြီးချုပ်ဟောင်းတစ်ယောက်က လန်ဒန်ဖိုရမ်တစ်ခုမှာ ဝန်ခံပြောကြားခဲ့တဲ့ အချက်ကိုလည်း သတိထားမိပါရဲ့။ ဒီအချက်ဟာ အမှန်ထင်ရှားလာနေတဲ့အချက်ပါ၊ နိုင်ငံရေးဘက်မှာရော စီးပွား ရေးမှာပါဖြစ်ပါတယ်။ နိုင်ငံရေးအရတော့ အာဖဂန်ပြည်တွင်းစစ်၊ ဆီရီးယားစစ်ပွဲတွေမှာ အမေရိကန်တို့အရေးမသာခဲ့မှုက ဩဇာကျဆင်းမှုကို မီးမောင်းထိုးပြနေသလို ယခုဖြစ်ပွားဆဲ ယူကရိန်းစစ်မှာကော အမေရိကန်နဲ့ NATO ရဲ့ ဂုဏ်သိက္ခာဟာ ပိုပြီးကျဆင်းလာသလိုဖြစ်နေပါတယ်။

ယူကရိန်းစစ်ဟာ အမေရိကန်တို့ ဖန်တီးလို့ဖြစ်ရတယ်၊ အမေရိကန်တို့ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် စစ်ပွဲဟာ မပြီးနိုင် မစီးနိုင် ဖြစ်နေတယ်၊ အမေရိကန်တို့ အတ္တကြောင့် ယူကရိန်းနိုင်ငံပျက်စီးပြီး ပြည်သူတွေဒုက္ခဆင်းရဲရောက်ကြရတယ်ဆိုတာ ကမ္ဘာ့ပြည်သူတွေ သိသထက် သိလာနေကြပြီဖြစ်တယ်။ ယူကရိန်းစစ်ရဲ့ ရလဒ်ကို EU ပြည်သူတွေခံစားနေရပုံက ဘယ်ခေတ် ဘယ်ကာလနဲ့မှ မတူအောင် ဖြစ်နေရတယ်၊ အမေရိကန်နောက် လိုက်မိလို့ အမှောင်ထဲမှာ အေးခဲပြီး ဒုက္ခဆိုးတွေ ခံစားကြရမယ့် ဥရောပပြည်သူရဲ့ မကျေနပ်ချက်တွေကို ဟန်ဂေရီနိုင်ငံက EU ထဲက ခွဲထွက်မယ်ဆိုတဲ့တဲ့ သာဓကတစ်ခုက သက်သေပြနေပါတယ်။

**အားကိုးတကြီးစောင့်ကြည့်ရမည့် ဗဟုဝင်ရိုးစုံ**

စီးပွားရေး မျက်နှာစာမှာလည်း ထိုနည်းအတိုင်းပါပဲ။ နိုင်ငံတကာ ငွေကြေးဈေးကွက်မှာ ဒေါ်လာရဲ့ ဩဇာလွှမ်းမိုးမှုကို လျှော့ချဖို့ကြိုးစားလာကြပြီ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ သို့*

# တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 မှ ဒုတိယအဆင့် ပြိုင်ပွဲစဉ်များ ဆက်လက်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်မှ စတင်၍ ပထမအဆင့် အုပ်စုပွဲစဉ်များကို သီဆိုယှဉ်ပြိုင်လာခဲ့ရာ နိုဝင်ဘာ ၄ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အဆိုပါ ပထမအဆင့် ပွဲစဉ်မှ ရွေးထုတ်ပေးလိုက်သည့် ပြိုင်ပွဲဝင် ၁၀ ဦးသည် ဒုတိယအဆင့် ပွဲစဉ်များကို နိုဝင်ဘာ ၁၁ ရက်မှစတင်၍ သီဆို ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ပြိုင်ပွဲဝင်များ အဆင်ပြေချောမွေ့စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို Zoom Meeting ဖြင့် ပြုလုပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆက်လက်ကျင်းပမည့် ဒုတိယအဆင့် ပြိုင်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲရလဒ်များကို ဆုံးဖြတ်ရာတွင် ဒိုင်အဖွဲ့ဝင်များ၏ အကဲဖြတ်အမှတ်ပေးမှုနှင့် ကြည့်ရှုသူပရိသတ်များ၏ SMS Voting များအပေါ် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြိုင်ပွဲဝင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 ဒုတိယအဆင့် ပွဲစဉ်များကို နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့်သို့ ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင် ၁၀ ဦးက ပြိုင်ပွဲအတွက် ပြဋ္ဌာန်း တေးသီချင်းများနှင့် စိတ်ကြိုက် တေးသီချင်းများကို ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်ကာ ဒီဇင်ဘာ ၃၀ ရက်တွင် Grand Final ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတို့ကို ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့တွင်းလမ်း အဆင့်မြှင့်တင်မှု ၃၉ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ် မြဝတီမြို့ရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှု လျော့ချရေး၊ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် မြဝတီမြို့တွင်းလမ်းကို အဆင့်မြှင့်တင်လျက်ရှိရာ ၃၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

"မြဝတီမြို့က နှစ်နိုင်ငံဆက်သွယ်ထားတဲ့ အဓိကဝင်ထွက်ပေါက် နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်တဲ့အတွက် မြို့အင်္ဂါရပ်နဲ့အညီ အဓိကကျတဲ့ မြေနီကုန်းမီးပွိုင့် အမှတ် (၂) တံတားကို သွားတဲ့လမ်းဆုံကနေ အမှတ်(၁) တံတားအထိ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေတာပါ။ လမ်းအရှည်ကတော့ ၃ မိုင် ၃ ဖာလုံရှိပါတယ်။ မူလလမ်းအကျယ် ၃၃ ပေကို တစ်ဖက် ၁၂ ပေစီ ကွန်ကရစ်လမ်းချဲ့ခြင်း၊ ကျောက်ရောမြေလမ်းပခုံးပြုလုပ်ခြင်း၊ မြေသားလမ်းပခုံးပြုလုပ်ခြင်းနဲ့ ကွန်ကရစ်ရေမြောင်းအဖုံးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညိုက ပြောသည်။

အဆိုပါ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအားလုံးပြီးစီးသွားပါက မြဝတီမြို့တွင်း ၂ မိုင် ၄ ဖာလုံမှာ ရေမြောင်းအပါအဝင် လမ်းနယ်နိမိတ်အကျယ် ပေ ၁၀၀ ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

# ပင်လုံမြို့အတွင်း မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ပင်လုံ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာန ခြံဝင်းအတွင်း၌ စိုက်ပျိုးထားရှိသော ဆောင်းသီးနှံရေဆင်း(၁)စပ်မျိုးနေကြာ စိုက်ခင်းအား ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းသည် လွိုင်လင်ခရိုင်ဦးစီးမှူး ဦးမိုးနိုင်၊ ပင်လုံမြို့ဦးစီးမှူး ဦးကျော်စိုးမိုးနှင့်အတူ



ဆောင်းသီးနှံရေဆင်း(၁)စပ်မျိုး နေကြာအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့နယ်၌ မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**မြစ်ကြီးနား အောက်တိုဘာ ၆**

ကချင်ပြည်နယ်အတွင်း စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်နှင့် အသင်းသားပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်ရည်ရွယ်၍ ကချင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်၍ မြစ်ကြီးနားမြို့နယ်ရှိ အေးချမ်းသာ ငွေစုငွေချေးသမဝါယမအသင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သမဝါယမအသင်းစုမှ ထုတ်လုပ်သော မြေပဲဆီသန့်ပိဿာချိန် ၁၀၀၀ အား စတုတ္ထအကြိမ်အဖြစ် ထပ်မံဝယ်ယူ၍ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနများမှတစ်ဆင့် အသင်းသားပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ရုရှား ရှူဘယ်လ်၊ တရုတ်ယွမ်၊ အိန္ဒိယ ရူပီးတို့ အချင်းချင်းဖလှယ်ကြမယ့် အစီအစဉ်ဟာ ခရီးရောက်လာနေပြီဖြစ်ပါတယ်။

ဒေါ်လာအနိုင်ကျင့်မှုဆိုတဲ့ သုံးသပ်ချက်နဲ့အတူ ဒီလိုကြားခံငွေကြေးအပြောင်းအလဲကို EEF ဖိုရမ်မှာ ကတိပြုပြောကြားခဲ့ကြမှုများကိုလည်း ကြားသိခဲ့ကြပြီး ဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးကို ကြည့်လိုက်တဲ့အခါမှာ လောဘကြီး တစ်ကိုယ်ကောင်းဆန်လွန်းပြီး ဗိုလ်ကျစိုးမိုးနေတဲ့ ခေတ်သစ် ကိုလိုနီနယ်ချဲ့စနစ်တွေဟာ မနေ့အမြန် နိဂုံးချုပ်တော့မလားမြင်ယောင်နေမိပါတယ်။ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပြဿနာများစွာနဲ့အတူ မဟာမိတ်အသစ်၊ ကစားပွဲအသစ်အသစ်တွေနဲ့ အခင်းအကျင်းအသစ်အသစ်တွေလည်း ထွက်ပေါ်လာနေဦးမှာဖြစ်ပါတယ်။

တချို့ကရေတိုမဟာမိတ်၊ တချို့က ရေရှည်မဟာမိတ် ဖြစ်ကောင်းဖြစ်ပါမယ်။ အင်အားပြ ပါဝါကိုင်ပြီး ကိုယ့်အရည်အသွေးကို ကိုယ်အလုအယက်ပြနေကြဦးမှာဖြစ်ပါတယ်။ မိမိဩဇာလွှမ်းဖို့ မလျော့သြဇာသုံးကြဦးမှာပါပဲ။ စစ်တစ်ခုကိုဖန်တီးပြီး အခြားစစ်တစ်ခုဖြစ်ပေါ်အောင် မီးမွှေးခြင်းရဲ့ အမှားတွေက မိမိရဲ့ မဟာမိတ်တွေကို အကွဲကွဲ အပြားပြားဖြစ်သွားစေတဲ့အထိ၊ စီးပွားရေးသွက်ချာပါဒကနေ ဖရိုဖရဲနိုင်ငံရေး အပြိုအပျက်တွေကို ဘယ်လိုဘယ်ပုံအချိန်မီကုစားကြမလဲ၊ ဝင်ရိုးတန်းအသစ်အသစ်တွေရဲ့ စုစည်းညီညွတ်စွာနဲ့ ဆောင်ရွက်နိုင်စွမ်းရှိမယ့် မြင်ကွင်းအသစ်တွေကို အားကိုးတကြီးနဲ့ စောင့်ကြည့်နေရုံသာဖြစ်ပါတယ်။

**❐ ယူကရိန်းစစ်ဟာ အမေရိကန်တို့ ဖန်တီးလို့ဖြစ်ရတယ်၊ အမေရိကန်တို့ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် စစ်ပွဲဟာ မပြီးနိုင် မစီးနိုင် ဖြစ်နေတယ်၊ အမေရိကန်တို့ အတ္တကြောင့် ယူကရိန်းနိုင်ငံပျက်စီးပြီး ပြည်သူတွေဒုက္ခဆင်းရဲရောက်ကြရတယ်ဆိုတာ ကမ္ဘာ့ပြည်သူတွေ သိသထက် သိလာနေကြပြီဖြစ်တယ်။ ယူကရိန်းစစ်ရဲ့ရလဒ်ကို EU ပြည်သူတွေခံစားနေရပုံက ဘယ်ခေတ်ဘယ်ကာလနဲ့မှ မတူအောင်ဖြစ်နေရတယ်၊ အမေရိကန်နောက် လိုက်မိလို့ အမှောင်ထဲမှာအေးခဲပြီး ဒုက္ခဆိုးတွေ ခံစားကြရမယ့် ဥရောပပြည်သူရဲ့မကျေနပ်ချက်တွေကို ဟန်ဂေရီနိုင်ငံက EU ထံက ခွဲထွက်မယ်ဆိုတဲ့ သာဓကတစ်ခုက သက်သေပြနေပါတယ်**

အဓိကအချက်က ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အပြိုင်အဆိုင်တွေကြားထဲ အလွန်အကျွံဖြစ်ပြီး ကြားမညှပ်ဖို့ကို ဂရုပြုရပါမယ်။ "နိုင်ငံတကာဆက်ဆံရေးမှာ အမြဲတမ်းရန်သူ အမြဲတမ်းမိတ်ဆွေဆိုတာ မရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်" ဆိုတဲ့ သဘောတရားနဲ့အတူ စုပေါင်းဦးဆောင်၊ စုပေါင်းပါဝင်၊ စုပေါင်းလှုပ်ရှား၊ တာဝန်ယူ တာဝန်ခံမှုအပြည့်၊ ဘက်မလိုက်ဘဲ မျှမျှတတနဲ့ ပါဝင်ဖွဲ့စည်းထားကြတဲ့ Multilateralism သဘောပါတဲ့ အဖွဲ့အစည်းတွေဟာ ပိုပြီးယုံကြည်စိတ်ချအားကိုးရမယ်လို့ ယူဆမိပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်များဟာ အမြော်အမြင်ကြီးမားပြီး ရည်မှန်းချက်လည်းကြီး၊ ဆင်ခြင်တုံတရားနဲ့လည်း ပြည့်ဝကြပါတယ်။ လက်ရှိအခြေအနေအရ ကမ္ဘာ့စစ်ပွဲကြီးတစ်ခုခုဟာ ဘယ်နိုင်ငံဘယ်ဒေသတစ်ခုကမဆို အချိန်မရွေး ပေါ်ပေါက်လာနိုင်ပါတယ်။ အမျိုးသားစီးပွား အဓိကထားတဲ့နိုင်ငံများအကြား ရင်းရင်းနှီးနှီးနဲ့ ဆက်ဆံရေးကောင်းများ တိုးချဲ့တည်ဆောက်ထားနိုင်မှသာ စိန်ခေါ်မှုတွေ ခြိမ်းခြောက်မှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

လွန်ဆွဲပွဲတွေကြားထဲ မျှတအောင်နေထိုင်ရင်း ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်များဟာ ကိုယ့်မဟာဗျူဟာအကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံကို တည်ငြိမ်အောင်နဲ့ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစတဲ့ ဒို့အရေးသုံးပါးကိုလည်း ကြိုးပမ်းတည်ဆောက်နေကြပါတယ်။

စီးပွားရေးကို ထိခိုက်မှုနည်းအောင်လုပ်ပြီး စီးပွားရေးအလျင်အမြန်နာလန်ထူရေး၊ နိုင်ငံတကာဆက်ဆံရေးကောင်းအောင်နဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက်ပါ အပေါင်းလက္ခဏာဆောင်တဲ့ မိတ်ဖက်နိုင်ငံများနဲ့အတူ အမြော်အမြင်ရှိရှိ၊ အရည်အသွေးပြည့်ပြည့်ဝဝနဲ့ ကြိုးပမ်းအားထုတ်နေကြတဲ့ သာဓကတွေကို EEF နဲ့ SCO အခင်းအကျင်းများမှတစ်ဆင့် ထင်ထင်ရှားရှားမြင်တွေ့နေရပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# ပဲခူးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များအား ချီးမြှင့်ဂုဏ်ပြုခြင်းအခမ်းအနားကျင်းပ

ပြည် အောက်တိုဘာ ၆

**ပဲခူးတိုင်းဒေသကြီးအတွင်း စက်တင်ဘာလကုန်အထိ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများနှင့်အတူ လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်/ခဲယမ်းမျိုးစုံ ၁၂၁၆၆ တောင့်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**



ယင်းသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များအား ချီးမြှင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် နဝဒေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းတို့က ပဲခူးတိုင်းဒေသကြီး အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများနှင့်အတူ လက်နက်ခဲယမ်းများစွာ သိမ်းဆည်းရရှိခဲ့မှုအပေါ် ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ချီးမြှင့်ငွေကျပ် ၁၁၄ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်)မှ ဂုဏ်ပြုငွေကျပ် ငါးသိန်း၊ ပန်းတောင်းတပ်နယ်မှ ဂုဏ်ပြုငွေကျပ် ငါးသိန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ပြုလက်ဆောင်များ ဂုဏ်ပြုချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူတကွ ရင်းရင်းနှီးနှီး နံနက်စာသုံးဆောင်ကြပြီး ဖမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများအား ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်မြို့ ကမ်းနားလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့်အပိုင်းအား ဆက်လက်ဆောင်ရွက်နိုင်ရေး တွက်ချက်တင်ပြရန်၊ ကမ်းနားလမ်း တစ်လျှောက် ခွင့်ပြုပေးထားသည့် မြေငှားဂရန်ပါ ဧရိယာအတိုင်း ဆောင်ရွက်ရန်နှင့် ကျော်လွန်အသုံးပြုမှုမရှိစေရေး မြေပြင်ကွင်းဆင်းတိုင်းတာ၍ ပြန်လည်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

သတင်းစဉ်

# ပြည်နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရေး နှစ်စဉ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၆



မွန်ပြည်နယ်အတွင်း စည်းကမ်းရှိပြီး စနစ်ကျသည့် လူမှုပတ်ဝန်းကျင်ဖော်ဆောင်၍ အဓိကကျသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟခြင်းကို လျှော့ချနိုင်ရန်အတွက် မြို့နယ်များအလိုက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို နှစ်စဉ်စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ပိုမိုတိုးတက်လာစေရေး၊ ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးတို့ကို အထူးအလေးပေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် ရပ်ရွာ အေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းအပြင် ပြည်သူကိုဗဟိုပြုသော လုံခြုံရေးစနစ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ဥပဒေ လုပ်ထုံးလုပ်နည်း သိရှိနားလည်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူများ အေးချမ်းသာယာစွာ နေထိုင်နိုင်ကြစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများက လုံခြုံရေးအစီအမံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသတွင်း လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အိမ်ထောင်စုစာရင်း၊ လူဦးရေစာရင်း၊ စိုက်ပျိုးမြေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအလိုက် လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၃ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လျာထားမဲရုံသတ်မှတ်ခြင်းနှင့် မဲရုံတည်နေရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ၂၀၂၃ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားရှိမည့် လျာထားမဲရုံ သတ်မှတ်ခြင်းနှင့် မဲရုံတည်နေရာကိစ္စ ညှိနှိုင်းအစည်းအဝေးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသူက အမှာစကားပြောကြားခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဦးစီးအရာရှိ ဒေါ်သက်မွန်ဆွေက မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားရှိမည့် လျာထားမဲရုံ သတ်မှတ်ခြင်းနှင့် မဲရုံတည်နေရာ ကိစ္စအတွက် အစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မိမိတို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများ အတွင်း လျာထားမဲရုံ သတ်မှတ်မှုနှင့် မဲရုံတည်နေရာတို့အား တင်ပြဆွေးနွေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဌာနဆိုင်ရာများက ပြန်လည်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းသည်။ ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရပ်ကွက် ၃၃ ခု၊ ကျေးရွာအုပ်စုသုံးခုပေါင်း ၃၆ အုပ်စုတွင် မြို့နယ်အနေဖြင့် လျာထားမဲရုံ ၁၇၀ သတ်မှတ်ထားကြောင်း သိရသည်။



ဝင်းအိမွန် (ပြန်/ဆက်)

❑ ကျောဖုံးမှ

Yangon Water Bus ၏ Founder CEO ဖြစ်သူ ဒေါ်တင့်တင့်လွင်က ပြောသည်။

Yangon Water Bus ပြန်လည်ပြေးဆွဲရာတွင် လတ်တလောရေယာဉ် နှစ်စင်းဖြင့် ပြန်လည်ပြေးဆွဲခြင်းဖြစ်ပြီး ယာဉ်စီးခနှုန်းထားမှာ ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ အဓိကကတော့ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေကို ရည်ရွယ်တဲ့အတွက် ကျောင်းသားတွေကို မနက် ၆ နာရီခွဲလောက်ကနေစပြီးတော့ ပြေးဆွဲမယ်။ ဝန်ထမ်းတွေအတွက် လည်း ဝန်ထမ်းချိန်ပြီးတဲ့အထိ ၉နာရီခွဲနောက်ပိုင်းအထိကို ပြေးဆွဲပေး မယ်။ ကျွန်မတို့သင်္ဘောကို နေ့လယ်ပိုင်းမှာခဏရပ်ပါမယ်။ ညနေပိုင်းမှာ ဆိုရင် ရုံးဆင်းချိန် ၄ နာရီခွဲဝန်းကျင်လောက်မှာပြန်ပြီးတော့ ပြေးဆွဲ သွားမှာဖြစ်ပါတယ်။ ညနေပိုင်းမှာလည်း Sunset အနေနဲ့ ပြေးဆွဲဖို့ စီစဉ်ထားပြီး စနေ၊တနင်္ဂနွေမှာလည်း တွံတေးခရီးစဉ်ကို ပြေးဆွဲသွား မှာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

Sunset ခရီးစဉ်ကို ငွေကျပ် ၅၀၀၀ နှင့် တွံတေးခရီးစဉ်ကို ငွေကျပ် ၁၈၀၀၀ သတ်မှတ်ထားပြီး လူ ၁၀၀ ကျော်သာလက်ခံ၍ ပြေးဆွဲပေးမည် ဖြစ်ကြောင်း၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် Sunset ရေယာဉ်ကိုပါ ထည့်သွင်းပြေးဆွဲကာ အများပြည်သူရုံးပိတ်ရက်များ တွင်လည်း Sunset နှင့် တွံတေးခရီးစဉ်ကို ပြေးဆွဲပေးသွားမည်ဖြစ် ကြောင်းနှင့် အဆိုပါ Yangon Water Bus ရေယာဉ်ခရီးစဉ်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင်စတင်ပြေးဆွဲခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ နောက်ပိုင်း ခေတ္တရပ်နားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာလင်း

# ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုနှုန်း လာမည့်နှစ်အတွင်း နှေးကွေးသွားမည်ဟုဆို

ဂျီနီဗာ အောက်တိုဘာ ၆

**ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုနှုန်းသည် စွမ်းအင်ဈေးနှုန်းများနှင့် အတိုးနှုန်းများ မြင့်မားလာသည့်အတွက် ၂၀၂၃ ခုနှစ်တွင် သိသိသာသာနှေးကွေးသွားမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက ပြောသည်။**

ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပမာဏမှာ ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စီးပွားရေးပညာရှင်များကပြောသည်။ သို့သော် ၂၀၂၃ ခုနှစ်အတွက် ၁ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု လျှော့ချခန့်မှန်းထားသည်။ ၂၀၂၂ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ယနေ့ကမ္ဘာ့စီးပွားရေးမှသည် ကာလရှည်ကြာ ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် နာဂိုဇီ အိုခွန်ဂျို အီဝီလာက အောက်တိုဘာ ၅ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာတစ်လွှား ငွေရေးကြေးရေးအခက်အခဲများကြောင့် စီးပွားရေးတိုးတက်မှုတွင် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဥရောပတွင် စွမ်းအင်ဈေးနှုန်းများ ကြီးမြင့်သည့်အတွက် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများတွင် ဖိအားများ ဖြစ်စေခဲ့သည်။ **အင်န်အိတ်ချ်ကေ**




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် နာဂိုဇီ အိုခွန်ဂျို အီဝီလာ

## နှစ်နှစ်တာအတွင်း ရေနံထုတ်လုပ်မှု အများဆုံးလျှော့ချရန် အိုပက်ပလပ်စ် (OPEC+) အဖွဲ့ကြေညာ

**ဗီယင်နာ အောက်တိုဘာ ၆**

ယခုနှစ် ဆောင်းတွင်း၌ စွမ်းအင်အသုံးပြုမှုအတွက် ကျသင့်ငွေကို မြင့်မြင့်မားမား ပေးဆောင်ရမည်ဟု ဥရောပနှင့် အမေရိကန်နိုင်ငံတို့က ကြိုတင်မျှော်လင့်ပြီးသားပင် ဖြစ်သည်။ စွမ်းအင်ဈေးနှုန်းများ ကျဆင်းရန်အတွက် လုပ်ဆောင်ကြရန် ခေါင်းဆောင်များကို ဖိအားပေးခဲ့ကြသည်။

သို့သော်လည်း ကမ္ဘာ့အဓိက ရေနံထုတ်လုပ်သူများသည် ရေနံတိုးမြှင့် ထုတ်လုပ်ရန် တောင်းဆိုချက်ကို လျစ်လျူရှုခဲ့ကြသည်။ ယင်းအစား ရေနံထုတ်လုပ်မှုတွင် သိသိသာသာ လျှော့ချမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

အိုပက်အဖွဲ့မှ စွမ်းအင်ဝန်ကြီးများနှင့် ၎င်းတို့၏ မဟာမိတ်များသည် မတ်လအတွင်းက ရေနံဈေးများ မြင့်မားလာမှုကို မျက်မြင်တွေ့ရှိခဲ့ကြပြီး ဖြစ်သည်။ ၎င်းတို့သည် ပြီးခဲ့သည့် မတ် ၅ ရက်က ဗီယင်နာ၌ အစည်းအဝေး ပြုလုပ်ခဲ့ကြပြီး နိုဝင်ဘာလ အတွင်းမှစတင်ကာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ သန်း ထုတ်လုပ်မှု လျှော့ချရန် သဘောတူခဲ့ကြသည်။ ယင်းပမာဏမှာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ထုတ်လုပ်မှု လျှော့ချခြင်း အမြင့်ဆုံးပမာဏပင်ဖြစ်သည်။



အိုပက်အစည်းအဝေးတစ်ခုတွင် သတင်းထောက်များ သတင်းရယူနေသည်ကို တွေ့ရစဉ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရေနံထုတ်လုပ်သည့် နိုင်ငံများ ရေနံတိုးမြှင့်ထုတ်လုပ်ရန်အတွက် ဆွဲဆောင်မှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နေ့ကလေးထိန်းကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၃၆ ဦးသေဆုံး

**ဘန်ကောက် အောက်တိုဘာ ၁၀**

အမျိုးသားတစ်ဦးက ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နေ့ကလေးထိန်းကျောင်းတစ်ခု၌ သေနတ်ပစ်ခတ်မှုပြုလုပ်ခဲ့ရာ ကလေးများ အပါအဝင် ၃၆ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အောက်တိုဘာ ၆ ရက်က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း နွန်ဘွာလန်ဖူ ပြည်နယ်ရှိအသက် ၃ နှစ်မှ ၅ နှစ်ကြား ကလေးများလာရောက်ထားသော နေ့ကလေးထိန်းကျောင်းတစ်ခု၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများထဲတွင် ကလေးငယ် ၂၄ ဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ထို့ပြင် တခြား လူ ၁၂ ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ သေနတ်သမားသည် သူ့ကိုယ်သူ မပစ်သတ်မီ အိမ်ပြန်ပြီး ၎င်း၏ အမျိုးသမီးနှင့် သားကိုလည်း ပစ်သတ်ခဲ့သည်။

သေနတ်သမားသည် မူးယစ်ဆေးဝါးမှုတွင် ပါဝင်ပတ်သက်မှုနှင့် အလုပ်ဆုံးရှုံးခဲ့သော ရဲအရာရှိဟောင်းတစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကလေးငယ်များ အိပ်ပျော်နေချိန်တွင် သေနတ်သမားက အတင်းဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးဖြစ်သူ ဆရာမတစ်ဦးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၄၀၆ ဦး တွေ့ရှိ

**အော့တဝါ အောက်တိုဘာ ၆**

ကနေဒါနိုင်ငံ၌ ဆေးရုံတက်ရောက်ကုသနေသူ ၃၈ ဦး အပါအဝင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၄၀၆ ဦးရှိကြောင်း ကနေဒါ ပြည်သူ့ကျန်းမာရေး အေဂျင်စီက အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။




ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအနက် အွန်တေရီယို ပြည်နယ်တွင် ၆၇၄ ဦး၊ ကွီးဘက်ပြည်နယ်တွင် ၅၁၁ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၁၆၂ ဦး၊ အယ်လ်ဘာတာပြည်နယ်တွင် ၄၁ ဦးနှင့် ဆက်ကက်ချီဝမ် ပြည်နယ်တွင် သုံးဦး၊ ယုကွန်ပြည်နယ်တွင် နှစ်ဦး၊ နိုဗာစကိုတီယာ၊ မန်နီတိုဘာနှင့် နယူးဘရွန်ဆွစ်ပြည်နယ်တို့တွင် တစ်ဦးစီတို့ဖြစ်ကြောင်း ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

ကနေဒါနိုင်ငံ၌ ယခုရက်သတ္တပတ်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးများကို စတင်ထိုးနှံနေပြီဖြစ်သည်။ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးနောက် ၂၈ ရက်ကြာတွင် ရောဂါလက္ခဏာ မပြသည့်သူသာ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံနိုင်ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါသည် ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ နို့ပ်နယ်ပေးခြင်း သို့မဟုတ် လိင်ဆက်ဆံခြင်းအပါအဝင် ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့ခြင်းမှ လူမှလူသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ရောဂါ တစ်မျိုးဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ **ဆင်ဟွာ**

## ကင်ညာနိုင်ငံသို့ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၁ ဒသမ ၄၆ သန်း လာရောက်မည်ခန့်မှန်း

**နိုင်ရိုဘီ အောက်တိုဘာ ၆**

ကင်ညာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီး စီးပွားရေးပြန်လည်ဦးမော့လာသည့်ကြားမှ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၈၇၀၀၀၀ ကျော်ရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၁ ဒသမ ၄၆ သန်းခန့် လက်ခံရရှိမည်ဟု အောက်တိုဘာ ၅ ရက်က ခန့်မှန်းထားကြောင်း သိရသည်။

ကင်ညာနိုင်ငံသည် ၂၀၂၁ ခုနှစ်က ခရီးသွားကဏ္ဍမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိရာမှ ယခုနှစ်တွင် ၂ ဒသမ ၁၉ ဘီလီယံသို့ တိုးလာရန် ခန့်မှန်းထားကြောင်း ခရီးသွားလုပ်ငန်းနှင့် တောရိုင်းတိရစ္ဆာန်ဝန်ကြီးဌာန အစိုးရအဖွဲ့အတွင်းဝန် နာဂျစ် ဘာလာက ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ကင်ညာနိုင်ငံအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း၏ ထိပ်တန်းအရင်းအမြစ်များထဲမှ တစ်ခုဖြစ်သည်။ အကြီးဆုံး အရှေ့နှင့် ဗဟိုအမေရိကခရီးသွားကုန်စည်ပြပွဲဖြစ်သည့် ခရီးသွားလုပ်ငန်းကုန်စည်ပြပွဲ၌ ဥရောပ၊ အာဖရိက၊ အာရှနှင့် အမေရိကတို့မှ ဝယ်ယူသူပေါင်း ၁၆၀ နှင့် ပြပွဲပြသသူ ၂၀၀ ကျော်စုစည်းပြသထားကြောင်း သိရသည်။ **ဆင်ဟွာ**

## လာအိုနိုင်ငံ၌ ကလေး ၈၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးရန် မျှော်မှန်းထား

**ဗီယင်ကျန်း အောက်တိုဘာ ၆**

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ်ကုန်ပိုင်း၌ အသက် ၆ နှစ်မှ ၁၁ နှစ်ကြားကလေး ၈၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး ရည်မှန်းထားသည်ဟု သိရသည်။

အဆိုပါအသက်အုပ်စုရှိကလေးများမှာ စာသင်ကျောင်းပြန်တက်ရမည့် အချိန်ဖြစ်ပြီး ထိုအချိန်မှာ ကာကွယ်ဆေးထိုးရန်အကောင်းဆုံးဖြစ်ကာ ဗိုင်းရပ်စ်ကို ခံနိုင်ရည်ရှိမည့် ကိုယ်ခံစွမ်းအားတည်ဆောက်နိုင်မည်ဖြစ်သည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးနှင့် သတင်းအချက်အလက်စင်တာကပြောသည်။

ယခုအချိန်အထိ အသက် ၆နှစ်မှ ၁၁ နှစ်ကြားကလေး ၇၁၂၅၃၂ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးပေးပြီးဖြစ်ကာ ၅၃၁၁၁၀ ကို နှစ်ကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ **ဆင်ဟွာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ -၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၅ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၀၀ | ၂၇၃၅ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၂၀ |
| HSD (500 ppm) | ၂၇၀၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၇၆၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၀ | ၂၇၆၀ | ၂၇၉၅ | ၂၇၉၅ | ၂၈၀၀ | ၃၀၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၃၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၂၅ | ၂၈၃၅ | ၂၈၇၀ | ၂၈၇၀ | ၂၈၇၅ | ၃၀၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၃၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၂၅ | ၂၈၃၅ | ၂၈၇၀ | ၂၈၇၀ | ၂၈၇၅ | ၃၀၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၁ | ၁၉၇၂ |
| 95 Ron | ၁၉၄၈ | ၂၀၂၀ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၂၆၆၇ | ၂၇၅၀ |
| HSD (10 ppm) | ၂၆၆၇ | ၂၇၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မက်မန်းမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Myancopharm)ထိုးနှံ

**မက်မန်း အောက်တိုဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မက်မန်းမြို့၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်ရည်ရွယ်၍ ဌာနဆိုင်ရာဝန်ထမ်းများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး သုံးကြိမ်ထိုးနှံပြီး ခြောက်လပြည့်ပြီးသူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး (myancopharm) ကို အောက်တိုဘာ ၅ ရက်က ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်ကြီးကြပ်သော မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံရန် လာရောက်သူများကို စာရင်းပြုစု၍ ကိုယ်ပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း စသောကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကာ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး (myancopharm)ကို မက်မန်းခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၁၀၇ ဦးတို့ကို ထိုးနှံပေးခြင်းဖြစ်ပြီး ဒေသခံပြည်သူများကိုလည်း ယခင်ကာကွယ်ဆေးထိုးနှံပြီး သတ်မှတ်ကာလပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းရွှေအောင်(ပြန်/ဆက်)**



# နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## မိုင်းရယ်မြို့နယ်၌ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေ



**မိုင်းရယ် အောက်တိုဘာ ၆**

မိုင်းရယ်မြို့၌ ပြည်သူများ အပြင်သို့ သွားလာရာတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် လူတိုင်းနှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မိုင်းရယ်မြို့ အဝင်ဂိတ်နှင့် မြို့လယ်ဘုရားတို့၌ ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေရာ၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအား နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များကို စနစ်တကျ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ထားဝယ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယမန်နေ့က ထားဝယ်မြို့ ကျောက်မော်ရပ် အာဇာနည်လမ်းတွင် ဌာနဆိုင်ရာများ စုပေါင်း၍ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထက်နောင် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လူတိုင်းနှာခေါင်းစည်းတပ်စေလိုသောအားဖြင့် ပြည်သူများအား နှာခေါင်းစည်းနှင့် ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မဖြစ်စေရန် ဆောင်ရန်/ ရှောင်ရန်အချက်များပါရှိသည့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၄၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၅၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၈၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၄၁,၉၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၅,၄၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၄၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၉,၅၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် ၁၀၂ ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
|  | | |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များ ထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြား သည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူ ရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန်တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၆-၁၀-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၄၁၁၂၄၀ | ၉၅၄၃၂၃၄၆ | ၁၀၈၆၆၈၅ |
| ၂။ | အိန္ဒိယ | ၄၄၆၀၄၄၆၃ | ၄၄၀၄၃၄၃၆ | ၅၂၈၇၄၅ |
| ၃။ | ပြင်သစ် | ၃၅၆၃၉၆၉၉ | ၃၄၆၇၆၀၈၀ | ၁၅၅၃၁၉ |
| ၄။ | ဘရာဇီး | ၃၄၇၄၃၅၉၈ | ၃၃၈၉၈၄၈၁ | ၆၈၆၆၄၀ |
| ၅။ | ဂျာမနီ | ၃၃၆၅၂၂၅၅ | ၃၂၅၁၂၅၀၀ | ၁၅၀၂၈၉ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၁၁၄၉၇ | ၂၄၃၆၅၉၂၂ | ၂၈၅၇၃ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၇၃၂၆၄ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၆၄၈၀၆၃ | ၂၁၉၆၁၀၂၃ | ၁၇၇၃၀၀ |
| ၉။ | ဂျပန် | ၂၁၄၆၀၂၉၅ | ၂၀၄၁၁၉၇၁ | ၄၅၂၄၈ |
| ၁၀။ | ရုရှား | ၂၁၁၄၁၆၇၄ | ၂၀၃၀၇၅၆၉ | ၃၈၇၈၈၇ |

### ၆-၁၀-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၈၄၆၅၉ | ၁၀၅၉၅၃၅၉ | ၄၃၁၅၁ |
| အင်ဒိုနီးရှား | ၆၄၃၉၂၉၂ | ၆၂၆၄၁၈၄ | ၁၅၈၁၆၅ |
| မလေးရှား | ၄၈၄၈၃၁၄ | ၄၇၈၈၈၈၉ | ၃၆၃၈၇ |
| ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ဖိလစ်ပိုင် | ၃၉၆၁၃၄၉ | ၃၈၇၁၈၂၀ | ၆၃၁၄၉ |
| စင်ကာပူ | ၁၉၃၀၀၆၂ | ၁၈၄၁၉၉၇ | ၁၆၂၄ |
| မြန်မာ | ၆၂၅၄၉၇ | ၅၉၉၅၉၇ | ၁၉၄၆၄ |
| ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၅၉၅၂ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၀၆ | ၁၃၄၇၇၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။**

## ဂျပန်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ တစ်နှစ်တာ ပညာသင်ဆု လျှောက်ထားနိုင်




**ရန်ကုန် အောက်တိုဘာ ၆**

စီးပွားရေးလုပ်ငန်းများတွင် ပိုမို အရည်အချင်းရှိစွာ စီမံခန့်ခွဲနိုင်ရန်ရည်ရွယ်၍ ဂျပန်နိုင်ငံ၊ Ministry of Education, Culture, Sports, Science and Technology (Mobnbukagakusho: MEXT) မှ "Young Leaders' Program (YLP)" အစီအစဉ်ဖြင့် Master of Business Administration (MBA)တစ်နှစ် ပညာသင်ဆု အစီအစဉ်သို့ ဝင်ရောက်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ ထုတ်ပြန်ချက်အရ သိရသည်။

**ပညာသင်ဆုရည်ရွယ်ချက်**

ဂျပန်နှင့် အာရှနိုင်ငံများအကြား မူဝါဒရေးရာ စီစဉ်ဆောင်ရွက်မှု အရည်အသွေးများ တိုးတက်ပြီး ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲလာစေရန်၊ အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်၊ ဂျပန်နိုင်ငံအကြောင်း ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်၍ အဆိုပါ ပညာသင်ဆုကို ပေးအပ်ရခြင်းဖြစ်ကြောင်း Ministry of Education, Culture, Sports, Science and Technology မှ သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

**ခံစားခွင့်များ**

ခံစားခွင့်များအနေဖြင့် ပညာသင်ဆုရရှိပါက Monthly Allowance, Education Fees နှင့် Travelling Cost တို့ကို ပညာသင်ဆုအစီအစဉ်မှ ခံစားခွင့်ရရှိမည်ဖြစ်သည်။ ပညာသင်ဆုနှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များကို Website: https://bit.ly/3RrnlcB တွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ပြီး အရည်အချင်းနှင့် ကိုက်ညီသည့် ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ ဝန်ထမ်းများ၊ အသင်းချုပ် အသင်းဝင်ကုမ္ပဏီများ၏ ဒါရိုက်တာ အဖွဲ့ဝင်များ သို့မဟုတ် ဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကိုရိုး**

## တရုတ်အစိုးရ၏အကူအညီဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံရထားတွဲဆိုင်းများ စမ်းသပ်ပြေးဆွဲမှုပြီးမြောက်

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံရထားတွဲဆိုင်းများ စီမံကိန်းသည် မန္တလေးမြို့၌ စမ်းသပ်ပြေးဆွဲမှုပြီးမြောက်ခဲ့ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ စစ်ဆေးလက်ခံမှုဆိုင်ရာ နည်းပညာဝန်ဆောင်မှု ပညာရှင်အဖွဲ့၏ ကူညီပံ့ပိုးဖြင့် တရုတ်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်သည့် ရထားတွဲ ၂၈ တွဲကို လမ်းကြောင်းပေါ်တွင် စမ်းသပ်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုအကြိမ် စမ်းသပ်ပြေးဆွဲမှု အလွန်အောင်မြင်ကြောင်း၊ တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုနှင့် တရုတ်ပညာရှင်များ၏ ဂရုတစိုက်လမ်းညွှန်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ရထားတွဲဆိုင်းအားလုံးကို အမြန်ဆုံး အသုံးပြု၍ ခရီးသည်များ၏ ရထားစီးနင်းမှု အတွေ့အကြုံများကို ပိုမိုကောင်းမွန်လာစေမည်ဟု တရုတ်သံရုံးက ပြောကြားသည်။

မန္တလေး- ရန်ကုန်အပိုင်း ရထားပြေးဆွဲမှုစွမ်းဆောင်ရည်ကို မြှင့်တင်၍ ဒေသနှစ်ခုချိတ်ဆက်ရေးနှင့် ရထားလမ်းကြောင်းတစ်လျှောက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးရထားဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံမှ အတိုးမဲ့ချေးငွေရယူကာ ဝယ်ယူခဲ့သော ရထားတွဲများ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် အထက်တန်း ၁၄ တွဲနှင့် ဒုတိယတန်း ၁၄ တွဲ ပါဝင်ခဲ့ပြီး တရုတ်နိုင်ငံမှ နည်းပညာဝန်ဆောင်မှု ပညာရှင်အဖွဲ့သည် ကိုဗစ်- ၁၉ ကပ်ရောဂါ၊ မိုးရာသီ အပူချိန်မြင့်မားမှုနှင့် စိုထိုင်းမှုစသည့် အခက်အခဲများကို ကျော်လွှား၍ မြန်မာနိုင်ငံသို့ လာရောက်ကာ နည်းပညာဝန်ဆောင်မှုများ ပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ ရထားနည်းပညာများကို မြန်မာနိုင်ငံသို့ ယူဆောင်ပေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမီးရထားဌာနကို နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်သင်တန်းပေးလျက်ရှိပြီး ရထားတွဲများကို ကိုယ်တိုင် ထုတ်လုပ်ထိန်းသိမ်းနိုင်မည့် နည်းပညာပိုင်းဆိုင်ရာ လူတော်လူချွန်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**သီရိ**



## ကိုရီးယား KOSME Startup Policy ၏ သင်ကြားရေးအစီအစဉ်တွင် ပါဝင်တက်ရောက်နိုင်

**ရန်ကုန် အောက်တိုဘာ ၆**

ကိုရီးယားနိုင်ငံ Korea SMEs and Startups Agency (KOSME) မှ အာဆီယံနိုင်ငံများအတွက် Startup Policy Training Program ကို online ဖြင့် ပြုလုပ်မည်ဖြစ်သောကြောင့် အာဆီယံနိုင်ငံများမှ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသော နိုင်ငံများအနေဖြင့် အောက်တိုဘာ ၇ ရက် နောက်ဆုံးထား၍ နောက်ဆုံးထား၍ Mr.Seogsoo Kim, Director, KOSME ထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း၊ KOSME အနေဖြင့် အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့ရှိ မူဝါဒချမှတ်သူများအကြား အလေ့အကျင့်ကောင်းများ ဖလှယ်ရန်နှင့် အထောက်အပံ့ပေးသော အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ယခုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

Startup Policy Training Program ကို ၂၀၂၁ ခုနှစ်အတွင်းကလည်း ပြုလုပ်ခဲ့ပြီး ယခုအစီအစဉ်တွင် ယခင်တက်ရောက်ခဲ့သူများအပြင် နောက်ထပ် စိတ်ဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း၊ Training Program ပြုလုပ်မည့်ရက်ကို အတိအကျ မသတ်မှတ်ရသေးဘဲ အာဆီယံနိုင်ငံများအားလုံးသို့ သတင်းအချက်အလက်ဖြန့်ဝေပြီးမှသာ သတ်မှတ်မည်ဖြစ်ကြောင်း KOSME ၏ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အဆိုပါ Startup Policy Training Program တွင် ပါဝင်တက်ရောက်လိုပါက တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် Mr.Seongsoo Kim,Diector, KOSME, samkim@kosmes.or.kr ထံသို့ တိုက်ရိုက်ဆက်သွယ်၍ Registration ပြုလုပ်နိုင်ကြောင်း သိရသည်။

**သီရိ**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် အောက်တိုဘာ ၆

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ကြက်သွန်နီ၊ တရုတ်အာလူး၊ စားအုန်းဆီ ဈေးနှုန်းများမြင့်တက်လာပြီး ဆန်၊ ကြူကုတ်ကြက်သွန်ဖြူနှင့် သကြားဈေးနှုန်းများ ကျဆင်းလာသည်။ သကြားတစ်ပိဿာကျပ်၂၅၃၀ ရှိရာမှ ကျပ်၂၅၀၀ နှုန်းသို့ ဈေးကျလာခဲ့သည်။**

**ဆန်**

ဆန်ကြမ်းအသစ်များ ဈေးအနည်းငယ်ကျလာသည်ကို တွေ့ရသည်။ ဆန်ကွဲဈေးနှုန်းလည်း အနည်းငယ်ဈေးကျလျက်ရှိသည်။ မိုးဆန်ကြမ်းအသစ်(လမ်းဆန်) တစ်အိတ်ကျပ် ၄၀၀၀၀ ၊ ဆန်ကွဲတစ်အိတ်ကျပ် ၃၉၀၀၀/ ၄၀၀၀၀ သီးထပ်ဆန်ကြမ်းကျပ် ၄၃၀၀၀/ ၄၄၀၀၀ ၊ ရက် ၉၀ ရှယ်ကျပ် ၄၆၀၀၀/ ၄၇၀၀၀၊ ဖျာပုံပေါ်ဆန်းကျပ် ၆၂၀၀၀/ ၆၃၀၀၀ ၊ မြောင်းမြ/ ပုသိမ်ပေါ်ဆန်းကျပ် ၆၈၀၀၀/ ၆၉၀၀၀၊ ရွှေဘိုပေါ်ဆန်းကျပ် ၉၂၀၀၀ နှုန်း ရှိနေသည်။

**စားအုန်းဆီ**

အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာကျပ် ၄၀၂၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာကျပ် ၆၄၀ ဈေးကျလာခဲ့သည်။ ပြင်ပအလှယ် လက်ငင်းဆီဈေးကွက်၌ အောက်တိုဘာ ၁ ရက် စနေနေ့တွင် ကန်ဆီအလှယ်လက်ငင်းလက်ကားပီပါဈေး တစ်ပိဿာကျပ် ၆၀၀၀/ ၆၂၀၀၊ အောက်တိုဘာ ၃ ရက်တွင် ကျပ် ၆၅၀၀၊ အောက်တိုဘာ ၄ ရက်နှင့် ၅ ရက် တို့တွင် ကျပ် ၆၇၀၀ နှုန်းသို့ ဈေးနှုန်း ပြန်လည်မြင့်တက်လာသည်။

**ပဲအမျိုးမျိုး**

အောက်တိုဘာ ၄ ရက်တွင် မတ်ပဲ (RC) တစ်တန်ကျပ် ၁၈၂၇၀၀၀ ၊ (SQ/RC) တစ်တန် ကျပ် ၂၁၄၇၀၀၀ ၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၁၉၇၅၀၀၀ ၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၃၉၅၀- ၄၁၀၀ နှုန်း ရှိနေသည်။

**ကြက်သွန်နီ**

ကြက်သွန်နီ အဝင်နည်း၍ ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်လာသော်လည်း သုံးရက်တာအတွင်း အဝင်များကာ လက်ငုတ်ဈေးအတိုင်း ရောင်းချနေကြသည်ကို တွေ့ရသည်။ စက်တင်ဘာ ၃၀ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၉၀၀၀၀၊ အောက်တိုဘာ ၁ ရက်တွင် ပိဿာချိန် ၄၈၀၀၀ ၊ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ပိဿာချိန် ၁၈၀၀၀ စီ၊ အောက်တိုဘာ ၅ ရက်တွင် ပိဿာချိန် ၁၂၀၀၀၀ စသည်ဖြင့် ဝင်ရောက်လာခဲ့သည်။ ရန်ကုန်ဈေးကွက်အတွင်း ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးမှာ တစ်ပိဿာကျပ် ၂၅၀၀ မှ ၃၂၀၀ အထိ ရှိလာသည်။

**ကြက်သွန်ဖြူ**

အောက်တိုဘာ ၅ ရက်တွင် ရှမ်းအောင်ပန်း ကြက်သွန်ဖြူ လက်ကားတစ်ပိဿာကျပ် ၂၈၀၀ မှ ၃၈၀၀ အထိ ဈေးရှိလာပြီး ကြူကုတ်ကြက်သွန်ဖြူမှာ လက်ကားတစ်ပိဿာကျပ် ၃၄၅၀ နှုန်းသို့ ဈေးကျဆင်းလာခဲ့သည်။

**အာလူး**

တရုတ်အာလူးဈေးနှုန်းများ မြင့်တက်လာရာ အောက်တိုဘာ ၅ ရက်တွင် လက်ကားတစ်ပိဿာကျပ် ၂၃၀၀ နှုန်းသို့ ဈေးမြင့်လာသည်။ သို့သော် ရှမ်းအောင်ပန်း အာလူးမှာမူ လက်ကားတစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၆၀၀ ဝန်းကျင်သာ ဈေးနှုန်းရရှိလျက်ရှိသည်။

**ငရုတ်**

အအေးခန်းထုတ် ငရုတ်များဖြစ်သည့် မြစ်ဝငရုတ်ပွ လက်ကားတစ်ပိဿာကျပ် ၂၀၀၀၀ ၊ ဆင်ဖြူကျွန်းငရုတ်ပွကျပ် ၁၉၅၀၀ ၊ စိမ်းစားငရုတ်ပွ ကျပ် ၁၈၅၀၀၊ ပန်းရဲမြားနီ ငရုတ်ရှည်ကျပ် ၁၈၅၀၀၊ နှုန်းမြစ်ဝကျွန်းပေါ် ငရုတ်ရှည်ကျပ် ၁၈၀၀၀ စသည်ဖြင့် အောက်တိုဘာ ၅ ရက်တွင် ဈေးနှုန်းများ မြင်တွေ့ရသည်။ ငရုတ်တန်ဖိုးမြင့်သည့်အတွက် ပိဿာချိန် (၁၈/၂၀)ထည့်သည့် အိတ်ကြီးများအစား ခြောက်ပိဿာထည့် အိတ်ကလေးများဖြင့် ထည့်သွင်းရောင်းချသည်ကိုလည်း မြင်ရသည်။ အထက်ဖော်ပြပါ ငရုတ်ဈေးနှုန်းများသည် ရောင်းသူမှဖွင့်သည့် ဈေးနှုန်းသာဖြစ်ပြီး အဝယ်မလိုက်ဟု ငရုတ်ပွဲရုံပိုင်ရှင်အချို့က ပြောသည်။

**အောင်ခင်နိုင်**

## ဂျာမနီနိုင်ငံက ယူအေအီးနိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းရန် စီစဉ်ဆောင်ရွက်နေ

**ဘာလင် အောက်တိုဘာ ၆**

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr. Olaf Scholz သည် စက်တင်ဘာလ နောက်ဆုံးပတ်တွင် ယူအေအီးနိုင်ငံသို့ သွားရောက်၍ LNG ဓာတ်ငွေ့ဝယ်ယူရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး သဘောတူညီမှုများပြုလုပ်ခဲ့ကြောင်း စီးပွားရေးသံမှူးထံမှ သတင်းပေးပို့ထားသည်ကို တွေ့ရသည်။

ယူအေအီးနိုင်ငံ Abu Dhabi မြို့၌ ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် သမ္မတ Mr. Sheikh Mohammed bin Zayed Al Nahyan နှင့်တွေ့ဆုံ၍ ပင်လယ်ကွေ့ဒေသမှ LNG ဓာတ်ငွေ့များဝယ်ယူရန် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယူအေအီးနိုင်ငံနှင့် Energy Security Agreement ပူးတွဲကြေညာချက်လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ဂျာမန်စွမ်းအင်ကုမ္ပဏီ RWE သည် လာမည့် ဒီဇင်ဘာလတွင် ဟမ်းဘတ်မြို့အနီးရှိ Brunsbttel LNG terminal သို့ တစ်ရက်လျှင် ဓာတ်ငွေ့ ၁၃၇၀၀၀ ကုဗမီတာ (0.95 billion kilowatt hours of electricity ) ပို့ဆောင်ရန် သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ RWE ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်မှစ၍ နှစ်ကာလရှည် ဓာတ်ငွေ့ပေးဝေမှု နားလည်သဘောတူညီမှုစာချွန်လွှာတစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ Mr. Olaf Scholz နှင့်အတူ ဂျာမန်စွမ်းအင်ကုမ္ပဏီအများအပြား လိုက်ပါခဲ့ကြပြီး အဆိုပါကုမ္ပဏီများအနေဖြင့် လာမည့်ဆောင်းရာသီတွင် စွမ်းအင်ရရှိမှုအခက်အခဲများနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

ဂျာမနီနိုင်ငံအနေဖြင့် စွမ်းအင်ရရှိရေး အရင်းအမြစ်များအတွက် တစ်နေရာတည်းကို မှီခိုအားထားနေခြင်းမျိုးမဖြစ်စေရန် ရရှိနိုင်မည့်နေရာမျိုးစုံကို ရှာဖွေဆက်သွယ်လျက်ရှိသည်။ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုထားသည့် စွမ်းအင်ရရှိနိုင်မည့် အရင်းအမြစ်များကိုလည်း ရှာဖွေလျက်ရှိပြီး ပင်လယ်ကွေ့ဒေသမှ ရရှိနိုင်ရန်အတွက်လည်း မျှော်လင့်ဆောင်ရွက်လျက်ရှိကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## ဂျာမနီနိုင်ငံ၌ စားသုံးသူများ၏ ဝယ်ယူစားသုံးမှု ဆက်လက်ကျဆင်းနေ

**ဘာလင် အောက်တိုဘာ ၆**

ဂျာမနီနိုင်ငံ၌ စားသုံးသူများ၏ ဝယ်ယူစားသုံးမှုများသည် မြင့်တက်လာနေသော စွမ်းအင်စျေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုများကြောင့် ဝယ်ယူစားသုံးမှုများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း နူရင်ဘတ်မြို့ အခြေစိုက် စျေးကွက်သုတေသနအဖွဲ့ (Growth from Knowledge GfK) က လေ့လာသုံးသပ် ထုတ်ပြန်ထားသည်။

GfK က အောက်တိုဘာလအတွက် စားသုံးသူဝယ်ယူစားသုံးနိုင်စွမ်းကို –၄၂ ဒသမ မှတ် ၅ အထိ ခန့်မှန်းထားရှိပြီး စက်တင်ဘာလကထက် ၅ ဒသမ ၇ မှတ် ထပ်မံလျော့နည်း ခန့်မှန်းလိုက်ခြင်းဖြစ်ပါသည်။ GfK မှ စားသုံးသူရေးရာကျွမ်းကျင်သူ Rolf Brkl က လက်ရှိ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်နေမှုသည် စားသုံးသူများ၏ဝင်ငွေကို ထိခိုက်စေပြီး ဝယ်ယူစားသုံးနိုင်စွမ်း (purchasing power) ကို လျော့ကျလာစေကြောင်း၊ အိမ်ထောင်စုအများစုသည် လက်ရှိအခြေအနေတွင် အခြားဝယ်ယူသုံးစွဲမှုများထက် စွမ်းအင်သုံးစွဲမှုကုန်ကျခြင်းအတွက် ပိုမိုအလေးထားဆောင်ရွက်လာကြကြောင်း၊ ထိုသို့ ဝယ်ယူသုံးစွဲမှုများ လျော့ကျလာခြင်းသည် စီးပွားရေးကျဆင်းမှုကို ဦးတည်လာကြောင်း၊ စားသုံးသူများအနေဖြင့် ဂျာမနီနိုင်ငံ၏ စီးပွားရေးကျဆင်းလာသည့်အခြေအနေအပေါ် များစွာအာရုံစိုက်မှုရှိနေပြီး အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် မြင့်တက်လာနေသော စွမ်းအင်စျေးနှုန်းများအပေါ် စိုးရိမ်ထိတ်လန့်မှုများရှိနေကြကြောင်း ပြောကြားသည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးဆိုင်ရာညွှန်းကိန်းများသည် စက်တင်ဘာလအတွင်း အကျဘက်သို့ ဦးတည်ကာ –၂၁ ဒသမ ၉ မှတ်သို့ ရောက်ရှိလာခြင်းသည် ၂၀၀၉ ခုနှစ် စီးပွားရေးအကျပ်အတည်းကာလတွင် ရှိခဲ့သော –၂၆ မှတ် နောက်ပိုင်း အနိမ့်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

## အိန္ဒိယ၌ သတ်မှတ်စားသုံးဆီများအပေါ် သွင်းကုန်နှုန်းထားလျှော့ချမှု သက်တမ်းတိုးမြှင့်

**ဒေလီ အောက်တိုဘာ ၆**

အိန္ဒိယနိုင်ငံ အကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များကြီးကြပ်မှုဗဟိုအဖွဲ့ (The Central Board of Indirect Taxes and Customs–CBIC) သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲဖြင့် သတ်မှတ်စားသုံးဆီများအပေါ် လက်ရှိ ကောက်ခံလျက်ရှိသည့် သွင်းကုန်အခွန်နှုန်းထားလျှော့ချကောက်ခံခြင်း (Concessional Import Duties) ကို ကာလတိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ စတိုးဆိုင်တစ်ဆိုင်မှ ဆီအရောင်းကောင်တာတစ်ခု။

တိုးမြှင့်ကာလကို ၂၀၂၃ မတ် ၃၁ ရက်အထိ ထပ်မံ၍ ခြောက်လသက်တမ်း တိုးမြှင့်သတ်မှတ်ခဲ့သည်။ ထိုသို့တိုးမြှင့်သတ်မှတ်ခြင်းသည် ပြည်တွင်း၌ ဆီလုံလောက်စွာဖြန့်ဖြူးနိုင်ရန်နှင့် စျေးနှုန်းများကိုထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ကမ္ဘာ့စားသုံးဆီစျေးနှုန်းများ ကျဆင်းမှုနှင့် သွင်းကုန်အခွန်နှုန်းထား လျှော့ချကောက်ခံခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံ၌ စားသုံးဆီ လက်လီရောင်းချစျေးနှုန်းများ သိသာစွာကျဆင်းလာသည်ကို မြင်တွေ့ရပြီး စားအုန်းဆီကြမ်း၊ RBD Palmolein၊ RBD စားအုန်းဆီ၊ ပဲပိစပ်ဆီကြမ်း၊ သန့်စင်ပြီးပဲပိစပ်ဆီ၊ နေကြာဆီကြမ်းနှင့် သန့်စင်ပြီးနေကြာဆီတို့အပေါ် လက်ရှိကောက်ခံလျက်ရှိသည့် အကောက်ခွန်နှုန်းထားများအတိုင်း ၂၀၂၃ မတ် ၃၁ ရက်အထိ ပြောင်းလဲမှုမရှိဘဲ ကောက်ခံသွားမည်ဖြစ်သည်။ စားအုန်းဆီကြမ်း၊ ပဲပိစပ်ဆီကြမ်းနှင့် နေကြာဆီကြမ်းအမျိုးမျိုးအတွက် လက်ရှိ သွင်းကုန်အခွန်နှုန်းထားသည် သုညဖြစ်သည်။ သို့သော်လည်း စိုက်ပျိုးရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု ထပ်ဆောင်းအခွန် (Agri Cess) ၅ ရာခိုင်နှုန်းနှင့် လူမှုဖူလုံရေးအထူးထပ်ဆောင်းအခွန်(Social Welfare Cess) ၁၀ ရာခိုင်နှုန်းကို ထည့်သွင်းပြီးနောက် အဆိုပါစားသုံးဆီကြမ်းများအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားသည် ၅ ဒသမ ၅ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

Palmolein နှင့် သန့်စင်ပြီး စားအုန်းဆီအမျိုးမျိုး၏ အခြေခံအကောက်ခွန်နှုန်းထားမှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး လူမှုဖူလုံရေး အထူးထပ်ဆောင်းအခွန်မှာ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။ ထို့ကြောင့် သွင်းကုန်အခွန်ကောက်ခံမှုနှုန်းထားသည် စုစုပေါင်း ၁၃ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်သည်။ သန့်စင်ပြီး ပဲပိစပ်ဆီနှင့် နေကြာဆီအတွက် အခြေခံအကောက်ခွန်နှုန်းထားမှာ ၁၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး လူမှုဖူလုံရေးအထူးထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်းကို ထည့်သွင်းတွက်ချက်ပါက အဆိုပါ စားသုံးဆီများအပေါ် သွင်းကုန်အခွန်ကောက်ခံမှုသည် ၁၉ ဒသမ ၂၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။

## တရုတ်နိုင်ငံ၌ တိရစ္ဆာန်အစာ ပဲပိစပ်တင်သွင်းမှု လျှော့ချမည်

**ပေကျင်း အောက်တိုဘာ ၆**

တရုတ်အစိုးရသည် တိရစ္ဆာန်အစာအဖြစ် ပဲပိစပ်တင်သွင်းမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ပထမပတ်က ကြေညာခဲ့ပြီး ပြည်တွင်း ပဲပိစပ်လိုအပ်ချက်အတွက် သွင်းကုန်အပေါ်တွင်သာ မှီခိုနေခြင်းသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးပန်းတိုင်များနှင့် ဆန့်ကျင်နေကြောင်း တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ပဲပိစပ်အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး တိရစ္ဆာန်အစာ ဝယ်လိုအားကြီးမြင့်မှုက အဓိကအကြောင်းရင်းတစ်ချက် ဖြစ်လာခဲ့သည်။ အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ အချက်အလက်များအရ ၂၀၁၉ တစ်နှစ်တည်းတွင် တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ်သုံးစွဲမှုမှာ မက်ထရစ်တန် ၁၁၀ ဒသမ ၃၂ သန်းအထိရှိခဲ့ပြီး ၂၀၂၀ တွင် မက်ထရစ်တန် ၁၁၂ ဒသမ ၇၃ သန်းသို့ တိုးမြှင့်လာခဲ့သည်။ ၂၀၂၁ တွင် မက်ထရစ်တန် ၁၀၆ ဒသမ ၇၂ သန်းသို့ ပြန်လည်လျော့ကျခဲ့သော်လည်း ပဲပိစပ်တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်အထိ သုံးစွဲခဲ့သည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ်ထုတ်လုပ်နိုင်မှုပမာဏမှာ ပျမ်းမျှအားဖြင့် ၁၈ မက်ထရစ်တန်ဖြစ်သည်။ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်တွင် ပဲပိစပ်တန်ချိန် ၉၈ ဒသမ ၅၃ သန်း တင်သွင်းခဲ့ပြီး ၂၀၂၀ တွင် တင်သွင်းမှုတန်ချိန် ၉၉ သန်းအထိ မြင့်တက်လာခဲ့သည်။

သို့ရာတွင် ပြည်တွင်းသုံးစွဲမှုသည် ၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး တင်သွင်းမှုမှာလည်း တန်ချိန်သန်း ၉၀ အထိ ကျဆင်းခဲ့သည်။ ယခင်နှစ်က ပြည်တွင်းသုံးစွဲမှုနှင့် သွင်းကုန်များ ငါးရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပြီး ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ဆက်လက်ကျဆင်းနိုင်ကြောင်းနှင့် လက်ရှိအခြေအနေသည် တရုတ်နိုင်ငံအတွက် ကောင်းမွန်နေသေးသော်လည်း စိုက်ပျိုးမှုအခက်အခဲများကြောင့် ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပမှ တင်သွင်းမှုများ ဆက်လက်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြသည်။



တရုတ်နိုင်ငံ နန်တုန်းမြို့ဆိပ်ကမ်း၌ ပြည်ပမှတင်သွင်းလာသည့် ပဲပိစပ်များ။

တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ဖွဲနု၊ ပြောင်း၊ ဆန်၊ ဂျုံ၊ မုယောနှင့် ပီလောပီနံစသည့် အခြားသီးနှံများကို ပဲပိစပ်အစားထိုးအဖြစ် အသုံးပြုရန် အဆိုပြုထားပြီး ဆီထွက်သီးနှံများဖြစ်သော နှမ်းကြိတ်စေ့၊ နေကြာစေ့နှင့် နှမ်းကဲ့သို့သော အခြားဆီထွက်သီးနှံများကို ပဲပိစပ်အစားထိုးစိုက်ပျိုးရန် အကြံပြုထားသည်။

တောင်သူ လယ်သမားများအတွက် ကုန်ကျစရိတ်သက်သာစေရန်နှင့် တိရစ္ဆာန်အစားအစာထုတ်လုပ်သူများအတွက် အကျိုးခံစားခွင့် ပိုမိုရရှိရန် ပဲပိစပ်အသုံးပြုမှုကို လျှော့ချသင့်ကြောင်း တရုတ်အစိုးရက ထပ်လောင်း တိုက်တွန်းသော်လည်း TRIDGE ၏ လေ့လာသုံးသပ်ချက်အရ မြေပဲ၊ မုန်ညင်း၊ နှမ်းနှင့် နေကြာစသည့် အခြား အစားထိုးသီးနှံများ စိုက်ပျိုးရာတွင် အခက်အခဲများရှိကြောင်း တွေ့ရသည်။

စားနပ်ရိက္ခာဖူလုံမှု သေချာစေရန်အတွက် ပဲပိစပ်သုံးစွဲမှုကို လျှော့ချမည့် တရုတ်အစိုးရသည် လယ်သမားများအား အစားထိုးစိုက်ပျိုးထုတ်လုပ်ရမည့် အခြားသီးနှံများ အလွယ်တကူရရှိရန်နှင့် နည်းလမ်းသစ်များဖြင့် ပိုမိုကောင်းမွန်သော ထောက်ပံ့ရေး ကွင်းဆက်များ ပံ့ပိုးပေးနိုင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ စက်မှုဇုန် အမှတ်(၈)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



မုံရွာ အောက်တိုဘာ ၆

**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စက်မှုဇုန် အမှတ်(၈)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်က ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြ/ကျေးလက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် လမ်းများကောင်းမွန်မှုသည်လည်း အဓိကလုပ်ငန်းတာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း၊ လမ်းများကောင်းမွန်သည်နှင့်အမျှ ပြည်သူများ သွားလာရေးလွယ်ကူ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်အတန်းမြင့်မားရေးကို အထောက်အကူကောင်း ဖြစ်စေမည်ဖြစ်ကြောင်း။

**ကုန်စည်စီးဆင်းမှု မြန်ဆန်လာစေမည်**

ယနေ့ဖွင့်လှစ်သည့် လမ်းသည် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းနှင့် ပေါင်းကူးဆက်သွယ်နိုင်သည့် လမ်းဖြစ်ကာ ကျောက်တာ-ရေခါး-စစ်ကိုင်းတောင်ရိုးလမ်း၊ စစ်ကိုင်း-ရွှေဘို-မုံရွာလမ်းမကြီးတို့နှင့်လည်း အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းတစ်လမ်းဖြစ်ကြောင်း၊ စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ လမ်းများအဆင့်အတန်းမြင့်စွာ ကောင်းမွန်စေရေးနှင့် စက်မှုဇုန်ထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့ လျင်မြန်လာစေပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းစက်မှုဇုန် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က ကွန်ကရစ်လမ်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်တို့က ပတ္တမြားရပ်ကွက် စက်မှုဇုန်(၈)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

**ငွေကျပ် ၁၈၇ သန်းဖြင့် ဆောင်ရွက်**

အဆိုပါ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သည့် ပတ္တမြားရပ်ကွက် စက်မှုဇုန်(၈)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၄၉၅၀၊ အကျယ် ၁၈ ပေ၊ ကိုးလက်မထု ကွန်ကရစ်လမ်းဖြစ်ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဘီလပ်မြေအိတ် ၁၁၀၀၀၊ စက်မှုလုပ်ငန်းရှင်များမှ ထည့်ဝင်ငွေကျပ်သန်း ၁၁၀၊ စုစုပေါင်း ကုန်ကျငွေကျပ် ၁၈၇ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ Blue Bird ပလတ်စတစ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံမှ လူသုံးကုန်ပလတ်စတစ်အမျိုးမျိုး ထုတ်လုပ်နေမှုများအား လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်းမီ အရည်အသွေးပြည့်မီရေး၊ ဈေးနှုန်းသင့်တင့်စွာဖြင့် ပြည်သူများ အသုံးပြုစေနိုင်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေမြန်မာသံရည်ကျိုနှင့် သံနန်းဆွဲစက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက သံနန်းဆိုဒ်အမျိုးမျိုး ထုတ်လုပ်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး

(မြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ကြွက်ဘေးအန္တရာယ်ကြောင့် တောင်ယာစပါးနှင့်သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူ ၁၄၉ ဦးအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်




**မြစ်ကြီးနား အောက်တိုဘာ ၆**

ကချင်ပြည်နယ်အတွင်း ကြွက်ဘေးအန္တရာယ်ကြောင့် တောင်ယာစပါးနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော ပူတာအိုခရိုင် ဆွမ်ပရာဘွမ် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်ခုမှ တောင်သူ ၁၄၉ ဦးတို့အတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

**ဆန်ရိက္ခာများ ထောက်ပံ့**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ပြည်သူများ အခက်အခဲဒုက္ခ ကြီးကြီးငယ်ငယ် ကျရောက်ပါက မိမိတို့အစိုးရအဖွဲ့အနေဖြင့် အမြန်ဆုံးကူညီထောက်ပံ့ပေးရမည် ဖြစ်ကြောင်း၊ ကြွက်ဘေးအန္တရာယ်သည် ၁၉၇၇ ခုနှစ်တွင်တစ်ကြိမ် ကျရောက်ခဲ့ပြီး လွန်ခဲ့သည့် ဩဂုတ်လအတွင်းမှာလည်း တီယန်ဇွပ်နှင့် အင်ဂျစ်ကျေးရွာတွင် ကျရောက်ခဲ့သည့်အတွက် တောင်ယာစပါးနှင့် ငရုတ်စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ကြွက်ဘေးသင့်တောင်သူ ၁၀၆ ဦးအား ဆန်အိတ် ၁၀၆ အိတ် ထောက်ပံ့ကူညီပေးခဲ့ပြီး ယနေ့တွင်လည်း ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ဘွမ်ခါး၊ ကဝါးပန်၊ ခကရန်းယန်၊ မိုင်းထောင်၊ ဆူယန်နှင့် အင်ဂေါ်မကျေးရွာတို့တွင်လည်း ကြွက်ဘေးအန္တရာယ်ကျရောက်မှုကြောင့် တောင်ယာစပါးနှင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးလွင်က ဆန်ရိက္ခာထောက်ပံ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြွက်ဘေးအန္တရာယ် ကျရောက်မှုကြောင့် အဆိုပါကျေးရွာအုပ်စု ခြောက်ခုအတွင်းရှိ မိုးရာသီစိုက်တောင်ယာစပါးနှင့် သီးနှံစိုက်ဧက စုစုပေါင်းဧက ၃၆၀ ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသခံတောင်သူ ၁၄၉ ဦးတို့အတွက် ဆန်အိတ် ၁၄၉ အိတ်ကို ထောက်ပံ့ပေးအပ်ရာ ပူတာအိုခရိုင် ကိုယ်စားလှယ်ဌာနခွဲစာရေး ဦးကျော်သူရက တောင်သူများကိုယ်စား လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အခက်အခဲများအား စဉ်ဆက်မပြတ် ပံ့ပိုးကူညီနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ထောက်ပံ့သည့် ဆန်ရိက္ခာများကို တောင်သူများလက်ဝယ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ချိတ်ဆက်ကာ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကချင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၃/၂၀၂၂)ကို ကျင်းပပြီး ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ ညီညွတ်နိုင်းဆောင်ရွက်ကြရေး တိုက်တွန်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း လျှောက်ထားလာသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးရာတွင် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု စိစစ်ဆွေးနွေးကြရန် အကြံပြုပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းမြင့်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှောက်ထားတင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှောက်ထားတင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ ဓာတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှောက်ထား တင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှောက်ထား တင်ပြလာသည့် လုပ်ငန်းစာတွဲများကို တင်ပြရာ ကော်မတီဝင်များက စိစစ်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လျှောက်ထားလာသည့် လုပ်ငန်းများအပေါ် သက်ဆိုင်ရာဌာနများ၏ အတည်ပြု ထောက်ခံချက် ရှိ/မရှိအား စိစစ်သုံးသပ် အတည်ပြုပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(မြန်/ဆက်)

# ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီး ပထမအကြိမ် ဩဝါဒခံယူ

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များက ဩဝါဒစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပွဲကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ပထမအကြိမ် ကျင်းပသည်။ **(ယာပုံ)**

ဩဝါဒခံယူပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော် သာသနာရေးမှူး ဦးဆန်းထွန်းအောင်၊ ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ဂေါပကအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးထွန်းအုံးက ဆရာတော်ကြီးများထံ ဩဝါဒကထာမိန့်ကြားပေးပါရန် လျှောက်ထားရာ ဆရာတော်ကြီးများက ဩဝါဒများ မိန့်ကြားခဲ့ပြီးနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများဖြင့် လှူဒါန်းခဲ့ကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**မြန်မာ့အလင်း**



---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတော်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၁၀-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၀၁၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၀၁၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၂၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၂၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၀ ကျပ် | ၂၇၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၀ ကျပ် | ၂၀၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၂၅ ကျပ် | ၂၀၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၇၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၇၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၂၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၁ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၂ . ၈၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၅ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၇၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၁၅၀ | ၁၄၂၅၂၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၅၂၅၄ | ၁၈၆၅၁၇၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၅ | ၁၉၅၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၁၀၀၅ | ၁၉၃၁၁၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၅၁၈ | ၁၈၂၅၀၄၀၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၁၅ | ၄၀၆၅၀ |
| AHP | ၅၀၀၀ | ၅၁၀၀ | ၄၉၅ | ၂၄၈၅၀၀၀ |

ညီညီ - စုစည်းသည်

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၀-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊တောရှုံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** မြန်မာ့ရုရှားဆက်ဆံရေးမှသည်ထိရောက်သည့် အမိုးသားအကျိုးစီးပွားသို့ရည်
- **၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
- **၀၉:၄၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၃)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၈)
- **၁၄:၄၅** မျိုးဝဇီတင့်စေဆိုကရေးတီးအမွေ
- **၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
- **၁၇:၁၀** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ (အဆို အကဲဖြတ်ဒိုင်အဖွဲ့) ဆွေးနွေးခန်းအစီအစဉ်
- **၁၇:၃၀** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ...သီရိဂေဟာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဂ)(ပွဲစဉ်-၆)

**mitv**

- **07:01** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- **07:08** The Banjoist
- **07:26** Sarpay Beikman Diamond Jubilee
- **07:38** Paper Products... Plain but Pretty
- **08:01** News
- **08:27** Done Nyaung Hmaing: A New Tourism Spot
- **08:38** Myanmar's Traditional Ceramics
- **09:01** Listening Pleasure, Instrumental Music (Banjo) Pyoh Maung Phone
- **09:12** Thadingyut .. Beautiful Night With Colourful Lights
- **09:30** Myanma Traditional Art, Silversmith
- **09:33** Rural Customs & Powder Festival
- **09:44** Karaweik Palace - A Symbol Of Glorious Myanma Culture
- **10:01** New
- **10:10** Topical Topics

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ချိုအေးမွှေးတဲ့အုံးမွှေးလုံး
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** နာခေါင်းပလွေမှုတ်
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** အလှမှာယဉ်ဆေးပက်ဝင်သည့်တရုတ်စံကားပွင့်လေးများ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရေချောတိုင်တက်ပွဲ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ပိုးမွေးမြူရေးအကြောင်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကြက်ဆန်လှော်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** လောပိတရေအားလျှပ်စစ်
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** နေဗီယာပန်ချောင့်ဝမ်မြက်နှင့်မွေးမြူရေး
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** စီးပွားဖြစ်တဲ့ပီလောပီနံ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမသက်'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ သတင်း
- **၀၆:၄၀** ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့ အာဟာရပြည့်ဝတဲ့ နှစ်ရှည်သီးနှံတွေစိုက်ပျိုးထုတ်လုပ်စားသုံးစို့
- **၀၇:၀၀** ကျေးလက်ကွန်ရက်
- **၀၇:၅၀** ကုန်ကြမ်းဆီမှကုန်ချောဆီသို့
- **၀၈:၂၀** လူသားနှင့်ကမ္ဘာ့အတူယှဉ်ကာကျန်းမာဖို့ အော်ဂဲနစ်စိုက်ပျိုးရေး
- **၀၈:၅၀** ဆင်သေလက်ဝဲလက်တံမြောင်းတိုးချဲ့တည်ဆောက်ခြင်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် အောက်တိုဘာ ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော် အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ



အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

အရုပ်အရောင်းဆိုင်တွေ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ် ရောင်းချပေးသွားမှာပါ။ လာရောက်လည်ပတ်ကြတဲ့ ပြည်သူတွေ အမှတ်တရဓာတ်ပုံရိုက်လို့ရမယ့် နောက်ခံဒီဇိုင်းတွေ၊ မီးရောင်စုံနဲ့ ပြုလုပ်ထားတဲ့ အရုပ်တွေနဲ့ Photo Booth တွေ ပါဝင်ပါတယ်။ သီတင်းကျွတ်ပွဲတော်ကာလမှာ ရေပန်းဥယျာဉ် ညဈေးက ရောင်စုံမီးတွေနဲ့ လှပတဲ့ညဖြစ်မှာမို့ လာရောက်အပန်းဖြေကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု နေပြည်တော် ရေပန်းဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




နေပြည်တော်ရေပန်းဥယျာဉ် ညဈေးရောင်းပွဲတော်ကျင်းပမည့် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ နိုင်ငံကျော် တေးသံရှင်များက DJ၊ Band အဖွဲ့များနှင့်အတူ ညနေ ၆ နာရီမှစတင်၍ ည ၉ နာရီအထိ သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဈေးရောင်းပွဲတော် ကာလအတွင်း လာရောက်လည်ပတ်ကြသူများအနေဖြင့် နေပြည်တော် ရေပန်းဥယျာဉ် ဝင်ကြေးအဖြစ် ၅ နှစ်နှင့်အထက် ကလေးတစ်ဦးနှင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ စီ ကျသင့်မည်ဖြစ်ပြီး ငါးနှစ်အောက် ကလေးများကို အခမဲ့ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

# ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ဝင်ရောက်

**ကော့သောင်း အောက်တိုဘာ ၆**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၄၀၊ အမျိုးသမီး ၃၈ ဦး ပေါင်း အလုပ်သမား ၁၇၈ ဦး အောက်တိုဘာ ၃ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက်လွှဲပြောင်း ပေးအပ်ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတစ်လျှောက် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ပေါင်းတည်မြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့က ပေါင်းတည်အ.ထ.က ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ၂၀၂၂ခုနှစ်ကမ္ဘာ့ဆရာများနေ့ ပူးတွဲကြေညာချက်ကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဆဲပွယ်ဖောက ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သက်ကြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့သည်။ **အေးအေးဆင့်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေ မြို့နယ်၌ ဒေသခံပြည်သူ ၇၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၁၀ ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့မှ ဒေသခံပြည်သူ ၂၅၄၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၁၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၇၈၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ငါန်းဇွန်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာမှ ဘိုးဘွားများအား အခမဲ့မျက်စိစမ်းသပ်၍ မျက်မှန်များလှူဒါန်း

**ဘိုကလေး အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာရှိ ဘိုးဘွားများအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gold Vision Glass ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်က မျက်စိကျန်းမာရေး အခမဲ့စစ်ဆေးကာ မျက်မှန်တပ်ဆင်ရန် လိုအပ်သည့် ဘိုးဘွားများအား မျက်မှန်များ အခမဲ့လှူဒါန်းပေးသည်။

အဆိုပါရိပ်သာ၌ အဘိုး ရှစ်ဦး၊ အဘွား ၂၀ အား မျက်စိကျန်းမာရေး စစ်ဆေးပေးရာတွင် မျက်မှန်တပ်ဆင်ရန်လိုအပ်သည့် ဘိုးဘွား ၂၇ ဦးအား မျက်မှန်များ လှူဒါန်းပေးခဲ့ပြီး ဘိုးဘွားများ မျက်စိအလင်းကောင်းမွန်စွာရရှိ၍ စိတ်နှလုံးချမ်းမြေ့စွာ တရားအားထုတ်နိုင်ရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## ကျိုက္ခမီ ဆံတော်ရှင်ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာ ကျင်းပမည်



ဓမ္မစကြာအခါတော်နေ့ကျင်းပခြင်း၊ ဆွမ်းအိုးမျှောပွဲကျင်းပခြင်းတို့ကို စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး အခြားပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ပြောကြား၍ ကော်မတီဝင်များက လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

**သံဖြူဇရပ် အောက်တိုဘာ ၆**

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်အထိ စည်ကားစွာ ကျင်းပသည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ကျိုက္ခမီဆုတောင်းပြည့် ဆံတော်ရှင်ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက်က ဘုရားကုန်းတော်ပေါ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ သံဖြူဇရပ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့နှင့် ပွဲတော်ကျင်းပရေး ကော်မတီဝင်များ တက်ရောက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မြင့်က ဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြုလုပ်မည့် အစီအမံများကို ပြောကြားကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘုရားပွဲတော်ကျင်းပရေးနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရာတွင် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ စီမံထားရှိမှု၊ ဘုရားဖူးလာပြည်သူများအတွက် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအစီအစဉ်များနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ ရပ်ဝေးဘုရားဖူးများအတွက် တည်းခိုနေထိုင်ရေး၊ ပွဲတော်မီးဘေးလုံခြုံရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအောင်သန်းက ယခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့ကျင်းပခြင်း၊ ဆွမ်းအိုးမျှောပွဲကျင်းပခြင်းတို့ကို စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး အခြားပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ပြောကြား၍ ကော်မတီဝင်များက လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

**အေးအေးသီ(ပြန်/ဆက်)**

## ငပလီကမ်းခြေ၌ ဟိုတယ်များ တိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်

**သံတွဲ အောက်တိုဘာ ၆**

ငပလီကမ်းခြေ၌ ယမန်နှစ်ပွင့်လင်းရာသီက ခရီးသွားများ အထူးစည်ကားခဲ့ပြီး ယခုလာမည့် ပွင့်လင်းရာသီ နိုဝင်ဘာလဆန်းပိုင်းတွင် ဆောင်းဦးပွဲတော်ကို ဖွင့်လှစ်မည်ဖြစ်ရာ ခရီးသွားများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန် ယမန်နှစ်ထက် ဟိုတယ်များကို တိုးမြှင့်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ယမန်နှစ် နိုဝင်ဘာ ၁၄ ရက်က ငပလီကမ်းခြေ၌ ပထမဆုံးကျင်းပခဲ့သော ဆောင်းဦးပွဲတော်တွင် မီနီမာရသွန်ပွဲ၊ စက်ဘီးပြိုင်ပွဲ၊ သဲသောင်ပြင်ပန်းပုပြပွဲ၊ သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အတူ ဌာနဆိုင်ရာများ ပူးပေါင်းဖွင့်လှစ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် မွန်းကျပ်နေသော ပြည်သူများ အထူးစည်ကားစွာ လာရောက်အပန်းဖြေခဲ့၍ ဟိုတယ်များ ပြည့်ခဲ့ပြီး ပြည်တွင်းလေကြောင်းလိုင်းများ ခရီးသွားလာမှု ပိုမိုပွင့်လင်းခဲ့သည်။

ယခုနှစ် နိုဝင်ဘာလ ပွင့်လင်းရာသီတွင်လည်း ငပလီကမ်းခြေအပန်းဖြေစခန်း၌ ခရီးသွားများအား ဝန်ဆောင်မှုပေးကြမည့်အဖွဲ့များကို ကမ်းခြေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍများ ပိုမိုသိရှိနိုင်ရန် ဟောပြောပွဲနှင့် သင်တန်းပေးခြင်းတို့ကို အောက်တိုဘာလ ပထမပတ်တွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုကော်မတီက လုပ်ဆောင်လျက်ရှိပြီး ယမန်နှစ်ကထက် ခရီးသွားများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ် ၇၉ လုံး ထပ်မံတိုးမြှင့်ဖွင့်လှစ်ရန် ဟိုတယ်လုပ်ငန်းရှင်များက ပြင်ဆင်ဆောင်ရွက်ထားသလို လေကြောင်းလိုင်းများက လေယာဉ်လက်မှတ်များကို ကြိုတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

"ငပလီမှာ မနှစ်က မထင်မှတ်ဘဲ ခရီးသွားများခဲ့တယ်။ ဒီနှစ် ငပလီဆောင်းဦးပွဲတော်ကိုလည်း မနှစ်ကထက် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ဖို့ အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်ထားတာကြောင့် လာရောက်အပန်းဖြေဖို့ ပြည်တွင်းနဲ့ ပြည်ပခရီးသွားတွေကို ဖိတ်ခေါ်ပါတယ်။ မာန်အောင်ကျွန်းဟာလည်း သဘာဝအလှနဲ့ ပြည့်စုံတဲ့နေရာတစ်ခုဖြစ်တာကြောင့် အပန်းဖြေခရီးသွားတွေနှစ်ခြိုက်စေမယ့် နေရာတစ်ခုအဖြစ် နွေးထွေးစွာကြိုဆိုနေပါတယ်"ဟု ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

ယမန်နှစ်က ငပလီကမ်းခြေ အပန်းဖြေရာသီကို နိုဝင်ဘာလဒုတိယပတ်မှ စတင်ခဲ့ရာ သီတင်းကျွတ်ပွဲတော်မှ သင်္ကြန်ကာလအထိ အပန်းဖြေခရီးသွားများ တဖွဲဖွဲ ဝင်ရောက်ခဲ့ပြီး ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိခဲ့သည်။

ယခုနှစ်တွင် ပင်လယ်ကမ်းခြေများ၌ အပန်းဖြေနိုင်ရန် ဂွမြို့ ကမ်းသာယာကမ်းခြေတွင် ဟိုတယ်များ တည်ဆောက်ထားရှိပြီး ငပလီ၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေတို့တွင်လည်း ဟိုတယ်များ အသင့်ပြင်ဆင်ထားရှိသည်။ ယမန်နှစ်က စတင်ဖွင့်လှစ်၍ သင်္ကြန်ကာလအတွင်း အထူးစည်ကားခဲ့သော မာန်အောင်ကျွန်းတွင်လည်း အခန်း ၃၃ ခန်းပါရှိသော အဆင့်မြင့်ဟိုတယ်တစ်လုံးနှင့် အခန်း ၂၄ ခန်းပါရှိသော အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်ထားရာ ပွင့်လင်းရာသီ မာန်အောင်ကျွန်းတွင် အပန်းဖြေနိုင်ရန် ရေကြောင်း ပို့ဆောင်ရေးဝန်ဆောင်မှုကို အထူးပြင်ဆင်ထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



ယမန်နှစ်က ပထမဆုံးကျင်းပသော ဆောင်းဦးပွဲတော်တွင် ငပလီကမ်းခြေ၌ ရေကစားအပန်းဖြေနေသူများ။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာ တွင် Environmental Impact Assessment (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၈ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point C မြောက် လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၇ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၀၂၂ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Environmental Impact Assessent (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**တောမဲ့မြေသား၊ ရေတိုက်စား၏**

## မိတ္ထီလာ၌ ခွေးရူးရောဂါအကြောင်းဟောပြောပြီး ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး



**မိတ္ထီလာ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြည်သူများအား ခွေးရူးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောခြင်းနှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်း လုပ်ငန်းများကို အောက်တိုဘာ ၃ ရက်က အဆိုပါဦးစီးဌာနရုံး၌ ဆောင်ရွက်ပေးသည်။

"ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိစေရေး၊ တစ်ခုတည်းသော ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့်အညီ (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်နှင့် ဒုတိယဦးစီးမှူး ဒေါက်တာသန့်စင်အောင်တို့က ခွေးရူးရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံရမည့် တိရစ္ဆာန်အသက်အရွယ်နှင့် ကာကွယ်ဆေးအာနိသင်သက်တမ်းကာလအကြောင်းများကို ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်သူများအား ခွေးရူးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ခွေးကောင်ရေ ၁၀၀ ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## GFA ကို ဂိုးပြတ်အနိုင်ယူပြီး မြဝတီအသင်း တတိယနေရာတွင် ဆက်လက်ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) နောက်ဆုံးနေ့အဖြစ် မြဝတီအသင်းနှင့် GFA အသင်းတို့ အောက်တိုဘာ ၆ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အမှတ်မလျော့စေရန် ကစား**

မြဝတီအသင်းသည် GFA အသင်းကို ဂိုးပြတ်သွင်းယူကာ တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ရန်ကုန်ကို နှစ်မှတ်အကွာဖြင့် ဆက်လက် ဖိအားပေးလျက်ရှိသည်။ ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် အခြားအသင်းများက ဖိအားပေးလာသဖြင့် မြဝတီအသင်းသည် အမှတ်မလျော့စေရန် ကစားသွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း မြဝတီအသင်းက ပထမပိုင်းမှာပင် သုံးဂိုးအထိ သွင်းယူနိုင်ခဲ့သဖြင့် ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၂၁ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် ထက်လင်းအောင်နှင့် ၄၃ မိနစ်တွင် သက်ဝေမိုးတို့က ဂိုးများ ဆက်တိုက်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြဝတီအသင်းက သုံးဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် GFA အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း မြဝတီအသင်းကသာ ဂိုးများထပ်မံရရှိခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၅၁ မိနစ်တွင် သက်ဝေမိုး၊ ၆၉ မိနစ်တွင် ကောင်းစည်သူတို့က သွင်းယူခဲ့သည်။ GFA အသင်းအတွက် နှစ်သိမ့်ချေပဂိုး တစ်ဂိုးကို ၈၃ မိနစ်တွင် ကာလပ်က သွင်းယူခဲ့သည်။

**ရှမ်းယူနိုက်တက်ဦးဆောင်**

ပွဲစဉ် (၁၄) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၃၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၂ ပွဲကစား ၂၆ မှတ်၊ မြဝတီအသင်းက ၁၂ ပွဲကစား ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၁၃ ပွဲကစား ၂၃ မှတ်၊ ရှောဝတီအသင်းက ၁၂ ပွဲကစား ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၂ ပွဲကစား ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၂ ပွဲကစား ၁၇ မှတ်၊ GFA အသင်းက ၁၃ ပွဲကစား ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းက ၁၄ ပွဲကစား ကိုးမှတ်ရရှိထားကာ ရခိုင်ယူနိုက်တက်အသင်းမှာမူ ၁၂ ပွဲစလုံး အရှုံးနိမ့်ပြီး အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် (၃) ဆက်လက်ယှဉ်ပြိုင် ချယ်ဆီး၊ ရီးရဲလ်၊ မန်စီးတီးနှင့် ဒေါ့မွန်တို့ အနိုင်ရ

ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် (၃) ပွဲစဉ်များကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အုပ်စု (င) ၌ ဆဲလ်ဘတ်က ဒိုင်နမိုဇာဂရက်ကို တစ်ဂိုး-ဂိုးမရှိ၊ ချယ်ဆီးက အေစီမီလန်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အုပ်စု (စ) ၌ ရီးရဲလ်မက်ဒရစ်က ရှက်တာဒိုးနက်ကို နှစ်ဂိုး-တစ်ဂိုး၊ လိုက်ဇစ်က ဆဲလ်တစ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

**မန်စီးတီးဂိုးပြတ်နိုင်**

အုပ်စု (ဆ) ပွဲစဉ်တွင် မန်စီးတီးက ကိုပင်ဟေဂင်ကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရကာ ဒေါ့မွန်က အဝေးကွင်း၌ ဆီဗီလာကို လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရသည်။

အုပ်စု (ဇ) ပွဲစဉ်တွင် ဘင်ဖီကာနှင့် ပီအက်စ်ဂျီတို့ တစ်ဂိုးစီ သရေဖြစ်ပြီး ဂျူဗင်တပ်စ်က မက္ကာဘီဟိုင်ဖာကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**အောင်ဇော်**

## တရားမဝင် ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**








တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီး ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဘက်ထရီစက်ဘီး (အဟောင်း) အစီး ၁၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၃ ဒသမ ၈၃၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၃၆၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၄၃၃၆၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် ပုသိမ်-မုံရွာကားလမ်း မြတ်တိုမီးပွိုင့်လမ်းဆုံ၌ Toyota Wish အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်ခုအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စက်ဘီးအပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် စားသုံးဆီ လီတာ ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) နှင့် အဆိုပါစားသုံးဆီများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး (ဓါတ်ပုံ) အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမြို့နယ်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ လီတာ ၂၄၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပန်းသီး ၆၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၄၃၃၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပျော်ဘွယ်နှင့် ကျိုင်းတုံမြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် မွန်းလွဲ ၃ နာရီတွင် ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်နေ မရောဝင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ငွေကျပ် ၁ ဒသမ ၁ သိန်းကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဟွေခါးကျေးရွာ လမ်းမအနီးတွင် မောရှေမောင်းနှင်လာ သည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် (ဓါတ်ပုံ) ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၄၇ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၄၇ တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၉၉ ဒသမ ၁၅၄၈ တန်၊ သစ်မာ ၂၆ ဒသမ ၀၁၃၈ တန်၊ အခြား ၂၂ ဒသမ ၄၃၈၀ တန်၊ စုစုပေါင်း ၁၄၇ ဒသမ ၆၀၆၆ တန်၊ တရားခံ ၁၅ ဦး ယာဉ်/ ယန္တရား ၁၁ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၈-၁၀-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၁) တွင်** သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ဘွားဘွားရှိရာ ကျေးရွာလေးသို့ အလည်အပတ် သွားရောက်ခဲ့သော မေပြည့်၏ အတွေ့အကြုံများနှင့် သီတင်းကျွတ် မီးထွန်းပွဲတော်အကြောင်းကို သရုပ်ဖော်တင်ဆက်ထားသည့် "သီတင်းကျွတ်ပွဲတော်" မျက်နှာဖုံးကာတွန်း၊ သီတင်းကျွတ်ပွဲတော်အကြောင်းနှင့် ပွဲတော်ဖြစ်ပေါ်လာပုံ၊ ဆီမီးပူဇော်ပုံတို့အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ဝါလကင်းလွတ်သီတင်းကျွတ်" သုတဆောင်းပါး၊ သီတင်းကျွတ်လပြည့်နေ့၌ မိဘများကို မိမိစုထားသည့် မုန့်ဖိုးများနှင့် မုန့်များဝယ်ကာ ကန်တော့ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော လင်းသစ်အကြောင်းကို တင်ဆက်ထားသည့် "လင်းသစ်၏ ဝါလကင်းလွတ်သီတင်းကျွတ်" နှစ်မျက်နှာကာတွန်း။

ကျောင်းအားချိန်တွင် ကစားလိုက်၊ တီဗွီကြည့်လိုက်၊ အစားစားလိုက်ဖြင့် အချိန်ကုန်နေသော မြေးတို့ကို စာကြိုးစားရန်နှင့် စာကြိုးစားခြင်းဖြင့် ရရှိလာမည့် အကျိုးနှင့် အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်စေရန် ဆုံးမစကားပြောသော အဘိုးအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိကို အစဉ်တွဲလို့" ဝတ္ထုကဏ္ဍ၊ အစားအသောက်များကို မဆင်မခြင် စားမိ၍ ဒုက္ခရောက်ရသော ကိုစံပြူးအကြောင်းကို ရေးဖွဲ့ထားသည့် "ကိုစံပြူးပါဝင်သည့် အလှူငွေ" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထား၍ မိမိ၌ ချမ်းသာသုခများ ရရှိနိုင်ပုံကို တင်ဆက်ထားသည့် "စိတ်ကောင်းမွေးတဲ့ မောင်သာအေး" ပုံပြင်ကဏ္ဍ။

ရုပ်ပုံလေးထဲတွင် မုန်လာဥနီ စားချင်သော ယုန်ကလေးဖြူဖွေးကို မုန်လာဥနီရှိသော နေရာသို့ လမ်းညွှန်ပြသနိုင်မည့် "ဉာဏ်စမ်း" ကဏ္ဍ၊ မိမိမကျွမ်းကျင်သည့် ဘာသာရပ်ကို တတ်ကျွမ်းချင်ယောင်ဆောင်ကာ ဆောင်ရွက်ပါက ဒုက္ခနှင့် ကြုံတွေ့နိုင်ကြောင်းကို တင်ဆက်ထားသည့် "အာတူးနှင့် လိပ်ပု" နှစ်မျက်နှာကာတွန်း၊ မိမိလိုချင်သောအရာကို ကလေးအတွေးဖြင့် ရယူလိုသော ရဲရင့်ဖြိုးအကြောင်းကို တင်ဆက်ထားသည့် "အမွှေလေး ရဲရင့်ဖြိုး" နှစ်မျက်နှာကာတွန်း၊ ဝါကျတစ်ကြောင်းနှင့် တစ်ကြောင်းကို ဆက်သွယ်သည့် (Conjunction) များကို လေ့ကျင့်ခန်းများနှင့်တကွ လေ့လာမှတ်သားနိုင်မည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ နှိုးဆော်ချက်ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ည) တွင် **"မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင်၊ ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့် သတ်မှတ်သော ဆေးရောင်များ သုတ်စေခြင်း၊ ဝင်းမခတ်သည့် ခြံမြေကို ဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့် ဝင်းခြံကိုပြုပြင်စေခြင်း"** ဟု လည်းကောင်း၊ ပုဒ်မခွဲ (ဋ) တွင် **" ပုဒ်မခွဲ (ည) အရ ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံ တောင်းဆိုခြင်း"** ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းချက်နှင့်အညီ မြို့တော်သူ၊ မြို့တော်သားများအနေဖြင့် လမ်းမများနှင့် မျက်နှာစာများရှိ မိမိတို့၏ ခြံစည်းရိုးများ၊ နေအိမ်များ၊ အဆောက်အအုံနံရံနှင့် ခြံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းဆောင်ရွက်ပေးကြရန်၊ အမြင်မတင့်တယ်သည့် ခြံစည်းရိုးများ ရှိပါက အမြင်တင့်တယ်အောင် သန့်ရှင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ဆေးသုတ်မွမ်းမံပေးကြရန် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များ အလိုက် နှိုးဆော်အကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရမ်းဗြဲမြို့၌ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**ရမ်းဗြဲ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် အမျိုးသမီးငယ်များ သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကျန်းမာရေးဦးစီးဌာန၏ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို အသက် (၅) နှစ်မှအသက် (၇)နှစ်ထိကလေးငယ်များနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို အသက်အပိုင်းအခြားအလိုက် ထိုးနှံပေးရာတွင် ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၂၂ ရက်အတွင်းမွေးဖွားသည့် အမျိုးသမီးငယ်များကို ထိုးနှံပေးလျက်ရှိရာ အမျိုးသမီးငယ်များအား မွေးစာရင်း (သို့မဟုတ်) ကျောင်းဝင်အမှတ် မွေးသက္ကရာဇ်တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ထိုးနှံပေးလျက်ရှိသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးရာ၌ ယနေ့တွင် မြို့ပေါ်ရပ်ကွက် ခြောက်ခုမှ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်များမှ ကလေးငယ်များကို ထိုးနှံပေးလျက်ရှိပြီး အောက်တိုဘာ ၇ ရက်တွင် ကျန်ရှိနေသော ရပ်ကွက်များဖြစ်သည့် အမှတ် (၄) ရပ်ကွက်၊ အမှတ် (၅) ရပ်ကွက်နှင့် အမှတ် (၆) ရပ်ကွက်နေ ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**အောင်နိုင် (ပြန်/ဆက်)**

## လောက်ကိုင်မြို့၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ တားဆီးကာကွယ်ရေး နှာခေါင်းစည်းအခမဲ့ဖြန့်ဝေ

**လောက်ကိုင် အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လောက်ကိုင်မြို့အတွင်း လူစည်ကားရာနေရာများတွင် အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လောက်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မြို့အတွင်းရှိ လူစည်ကားရာ နေရာများဖြစ်သည့် အမှတ် (၁)ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်များတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို အသိပညာပေးနှိုးဆော်ပြီး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**

## မြဝတီ - ကော့ကရိတ်အာရှလမ်းတွင် ဓာတ်အဖွဲ့ကား တိမ်းမှောက်မှုဖြစ်ရာ ငါးဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရ

**မြဝတီ အောက်တိုဘာ ၆**

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး ကွမ်းခြံကုန်းအဆင်းတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ် ဓာတ်အဖွဲ့ကားတိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦးရှိခဲ့ကြောင်း သိရသည်။

ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ ပွင့်နေခြည်ဇာတ်အဖွဲ့သူ အဖွဲ့သားများ လိုက်ပါလာသော ယာဉ်မောင်း မြင့်ဝေ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် ကွမ်းခြံကုန်း အဆင်းနေရာတွင် ကားဘရိတ်ပေါက်ပြီး လမ်း၏ ယာဘက်သို့ တိမ်းမှောက်သွားခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာသို့ မြဝတီခရိုင်မီးသတ် တပ်ဖွဲ့စခန်းမှ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ တပ်ဖွဲ့ဝင်များ၊ အခြားသောလူမှုကူညီရေးအသင်းအဖွဲ့များက ထိခိုက်ဒဏ်ရာရလူနာများအား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ပြီး မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။




အဆိုပါ ယာဉ်ပေါ်တွင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကလေးငယ် နှစ်ဦး စုစုပေါင်း ၂၈ ဦးလိုက်ပါ စီးနင်းကြောင်း၊ အမျိုးသား ငါးဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၄ ဦး၊ ကလေးငယ် နှစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၃ ဦး (စိုးရိမ်ရ) မှာ အတွင်းလူနာအဖြစ် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မြင့်ဝေ (၄၀) နှစ်ကို သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှ (၃၀-၁၂-၂၀၂၂)ရက်နေ့ အထိ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမှုကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ပထမအဆင့် အုပ်စု(ဂ)၏ ပွဲစဉ်(၆)တွင် သီဆိုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၉)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် ဗမေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | အမေနဲ့ရွာကိုလွမ်းတယ် | ရခိုင်ပြည်နယ် | (၇-၁၀-၂၀၂၂)ရက်နေ့ အုပ်စု(ဂ) ပွဲစဉ်(၆) စိတ်ကြိုက်တေးသီချင်းများ ယှဉ်ပြိုင်မှုအစီအစဉ် |
| ၂ | လေပြေ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၃ | ချစ်သောမောင်မောင် | ကယားပြည်နယ် | |
| ၄ | အတ္တသမားလေးကျွန်တော် | နေပြည်တော် | |
| ၅ | စွန်ကလေး | ရန်ကုန်တိုင်းဒေသကြီး | |
| ၆ | ရှိတုန်းပေး ရှင်တုန်းကျွေး | ချင်းပြည်နယ် | |
| ၇ | နှင်းဆီမလေးချစ်ပုံပြင် | ကရင်ပြည်နယ် | |
| ၈ | ပြန်သိမ်းထားမယ် | တနင်္သာရီတိုင်းဒေသကြီး | |
| ၉ | စိမ်း | ဧရာဝတီတိုင်းဒေသကြီး | |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2539 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6326 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အမည်မှန်

မိုးကုတ်မြို့၊ အထက(၃) အောင်ချမ်းသာကျောင်း ကျောင်းဝင်အမှတ် (B-၃၂၆၆) မစမိုလ်းလင်း၏ အမည်မှန်မှာ မစမိုင်းလင်း ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဝင်းနိုင်၏သမီး လှိုင်သာယာမြို့နယ်၊ ILMC ကျောင်း တတိယတန်း(A)မှ မခွန်းဆင့်သဉ္ဇာ(ခ)မိုးဝသန်၏ အမည်မှန်မှာ မခွန်းဆင့်သဉ္ဇာဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ရွှေလှ ၁၃/ပလန(နိုင်)၁၀၂၅၁၄၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၀၃၁၂၉၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/3978 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/5936 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2909 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/89534, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆန်း ၁၄/ကကထ(နိုင်)၁၂၆၂၅၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၁၈၄၉၃, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုးဦး ၆/မအရ(နိုင်) ၁၀၂၇၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း




ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့တွင် "နေလမင်း" "SMK" အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့် စက်ရုံများ၏ အမည်တူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းလွင်တိုး ၁၄/ပပတ(နိုင်)၁၃၅၀၇၂**
**(ဖုန်း-၀၉-၆၈၈၂၈၈၇၅၅)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/15855 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သန်း(ခ) ဉက္ကာ ၁၂/လသန(နိုင်)၀၀၂၀၄၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၉၃၅၀၁, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းအေးဆွေ ၆/မမန(နိုင်)၁၈၇၈၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**





သင်းမြတ်ဆေးကုခန်း

# Thint Myat Clinic

**အထူးကုသပေးသောရောဂါများ- လိပ်ခေါင်းရောဂါ၊ မျိုးပွားမှုဆိုင်ရာရောဂါ၊ အဆစ်အမြစ်ကိုက်ခဲ ထုံကျင်မှုရောဂါ၊ကျောက်ကပ်၊ ဆီးချို၊ အရေပြားရောဂါ၊ အစာအိမ်၊ ချိုင်းရွေးနံ့။**

တိကျမှန်ကန်ခေတ်မီသော စက်ကိရိယာ၊ ကျွမ်းကျင်သောကုသမှု၊ ကောင်းမွန်သော ဝန်ဆောင်မှု

လိပ်စာ- အမှတ်(၁၃၈/၁၃၉)၊ ဘုရင့်နောင်လမ်းမ၊ ပိတောက်လမ်းမှတ်တိုင်အနီး၊ မြို့သစ်(၈)ရပ်ကွက် အင်းစိန်မြို့၊ရန်ကုန်တိုင်းဒေသကြီး၊

**PH:09-670 818 999**
**09-670 868 999**

ဆေးခန်းဖွင့်ချိန်- နံနက်(၈:၀၀)နာရီမှညနေ(၅:၀၀) နာရီပိတ်ရက်မရှိ

## အဆစ်အမြစ်နာကျင်ကိုက်ခဲ

အဆစ်အမြစ်ပိုင်းဆိုင်ရာ (လည်ပင်းဇက်ရိုး၊ ခါးနာ၊ အထွေထွေလေးဖက်နာ၊ ထုံကျင်ကိုက်ခဲ၊ ကျောရိုးဆစ်ရောင်ရမ်းနာကျင်၊ ဒူးအဆစ်အမြစ်နာကျင်ခြင်း၊ လေဖြတ်ပြီးနောက်ဆက်တွဲ ဝေဒနာများ ) နောက်ဆုံးခေတ်မီနည်းပညာဖြစ်သော အလင်းကုထုံး၊အကြောပြင်ကုထုံး၊ လျှပ်စစ်ကုထုံး၊ အပ်စိုက်ကုထုံး စသည့်ဝေဒနာများကို ယုံကြည်စိတ်ချရစွာဖြင့်အချိန်တိုအတွင်း အကျိုးအာနိသင် မြန်ဆန်ပြီး ရောဂါသက်သာစေခြင်းဖြင့် လူအများကြိုက်နှစ်သက်သော ကုထုံးများပင်ဖြစ်ပါသည်။

ဖုန်းဖြင့် တုန်ကင်ချိတ်ယူပါက
၁။ ခေတ်မီစက်များဖြင့် စမ်းသပ်ခ Discount (50%)
၂။ ကုသမှုစရိတ်ကို Discount (30%)လျှော့ပေးပါမည်။


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-22 X 2၊မြေကွက်အမှတ်-ပဥ္စမတန်းစား142၊(၀. ၀၂၉)ဧကရှိသောနှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအမှတ်-၅၀၊၆-လမ်း၊၂ရပ်ကွက်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သောအကျိုးခံစားခွင့်တို့ကိုတရားဝင်ပိုင်ဆိုင်သူ **အငယ်မ (ခ)ဒေါ်လင်းလင်းထွေး** (၁၄/မမန(ဧည့်)၀၀၀၀၇၃)ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကမြေကွက်နှင့်အကျိုးခံစားခွင့်တရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အမှတ်-၁၈၅၊ ပထမထပ်၊ (ဝဲဘက်အခန်း)၊
၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၀၀ ၄၇၇၅

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နေ ဦးမျိုးမြင့်ဦး၏ သမီး ၅/ကလထ(နိုင်)၂၆၇၁၈၇၏ အမည်မှန်မှာ မမြင့်မြတ်သွယ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၂၀၀၄ ဖြစ်ပါကြောင်း။

**မမြင့်မြတ်သွယ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ မီးဒုံးလမ်းနေ ဦးကြူကြူ၏ သားဖြစ်သူ မောင်ကျော်စိုး ၁၂/ရကန(နိုင်)၀၆၇၂၉၅ သည် ဖခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ရုံ သာမက ၎င်း၏ဆန္ဒအရ နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား မိမိမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဖခင် ဦးကြူကြူ**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်ထက်ဝေယံအောင်နှင့် Grade-7မှ မနှင်းရတီအောင်တို့၏ ဖခင် ဦးအောင်အောင်၏ အမည်မှန်မှာ ဦးအောင်လွင်ထွန်း ဖြစ်ပါကြောင်း။ **ဦးအောင်လွင်ထွန်း**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အမြန်ဆက်သွယ်ပါရန်

ကျွန်တော် မောင်ဖြိုးဇင်လတ် ၆/မအရ(နိုင်)၁၁၂၉၅၅၏ဇနီးဖြစ်သူ (ဘ)ဦးမောင်ဦး၏သမီး မဥမ္မာဦး ၆/မမန(နိုင်)၁၈၁၉၆၆ သည် ၇-၉-၂၀၂၂ရက်တွင် ခင်ပွန်းဖြစ်သူ မရှိခိုက်နေအိမ်မှ ထွက်သွားသည်မှာ ၇-၁၀-၂၀၂၂ရက်တွင် တစ်လရှိပြီဖြစ်၍ ခင်ပွန်းဖြစ်သူနှင့် မိသားစုဝင်များမှ စိတ်ပူနေကြပါသဖြင့် မဥမ္မာဦးအနေဖြင့် ရောက်ရာအရပ်မှ အမြန်ဆုံးဆက်သွယ်ပေးပါရန်။

**ကိုဖြိုးဇင်လတ်နှင့် မိသားစုဝင်များ**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၃၀၇
## အလုံခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၇

**ကွယ်လွန်သူ ဦးဝင်းတင် (ခ) Mr. Algernon Achilles St. John Salisbury Havock ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်ဝါဝါဝင်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ် (၂)လမ်း၊ အမှတ် – ၂၆ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းတင် (ခ) Mr. Algernon Achilles St. John Salisbury Havock ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ -၃၀၇ (၂)အရ ကွယ်လွန်သူ ဦးဝင်းတင် (ခ) Mr. Algernon Achilles St. John Salisbury Havock ကျန်ရစ်ခဲ့သော (၁) အမှတ် ၁၉၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်-၃၅A၊ မြေကွက်အမှတ် -၃ ၊ ဧရိယာ (၀.၉၉၅)ဧက (ယခင် MAY FAIR HOTEL) အစိုးရမှ ရယူထား၊ (၂) မြေတိုင်းရပ်ကွက်-၉စီ မြေကွက်အမှတ် -၃ လူနေရပ်ကွက်-တောင်သူကုန်း၊ အင်းစိန်မြို့နယ် မြေဧရိယာ စုစုပေါင်း (၈.၃၁၃)ဧက မြေပိုင်မြေ (ကျူးကျော်သူများနေ)၊(၃) အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၇D(နံ့သာကုန်း)၊ မြေကွက်အမှတ် -၄ (၁.၃၅၈) ဧက၊ မြေကွက်အမှတ် – ၆(၀.၁၄၅)ဧက၊ မြေကွက်အမှတ်-၇(၀.၂၁၂)ဧက၊ မြေကွက်အမှတ်-၁၀(၀.၁၀၁)ဧက၊ (၄) အမှတ်- ၆၁၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၂၅x၆၀)ပေ၊ မြေညီတိုက်ခန်း၊ အစိုးရမှရယူထား၊ (၅)ရန်ကုန် တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်-၃ (ခ)မြေကွက်အမှတ်-၅၈၊ ဧရိယာ(၀.၇၂၇)ဧက (B) မြေကျူးကျော်သူများ ။ (၆) ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၄ ။ မြေကွက်အမှတ် – ၂ ၊ ဧရိယာ (၂.၀၈၂)ဧက ကျူးကျော်သူများတို့၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့်ပြုနိုင်ပါရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၃၀၇(၂)အရ လျှောက်ထားလာသဖြင့် ၎င်းလျှောက်လွှာကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) နံနက် ၁၀ နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဦးဝင်းတင် (ခ)Mr. Algernon Achilles St. John Salisbury Havock၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်(၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်လည်း ကောင်း ၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအားကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၃၀၇(၂) နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ဝါဝါဝင်း၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကလေးမြို့၊ GCEC ကိုယ်ပိုင် အလယ်တန်း အဋ္ဌမတန်း(ဟောင်း)မှ မကျိန်ရှင်းအွမ်နှင့် ဆဋ္ဌမတန်း (စနစ်သစ်)မှ မောင်နန်ရှင်းကွပ်ပြောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇမ်ရှင်းမွင်း ၅/ကလထ(နိုင်)၁၀၉၄၈၇ ဖြစ်ပါကြောင်း။ **ဦးဇမ်ရှင်းမွင်း**

## အမည်ပြောင်း

ပုသိမ်မြို့၊ အထက-၂၊ Grade-11 (A)မှ (ဘ)ဦးကျော်ဌေး ၁၄/ပပတ(နိုင်)၀၄၃၈၇၁၏သား မောင်မင်းခန့်ကျော်အား မောင်မြတ်အောင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်အောင်သန့်**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း ဆဋ္ဌမတန်း (က၀-၅၇၅)မှ မကျိန်ရှင်းမွန်လျံ၏ အမည်မှန်မှာ မကျိန်ရှင်းမွန့်လျန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုင်းဖြတ်မြို့နယ်၊ အမက (ဝမ်ဟော့) ကျောင်း Grade-2မှ မမိုးသူရိန်မေ၏ ဖခင်အမည်မှန်မှာ ဦးအို့ဇွေ ၁၃/မဖန(နိုင်)၀၀၈၃၃၃ ဖြစ်ပါကြောင်း။

**ဦးအို့ဇွေ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/97705, Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၉/ရမသ(နိုင်)၂၂၁၄၀၀ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/67029, ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန်း ၇/ထတပ(နိုင်)၀၈၂၉၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ မြို့သစ်ရပ်ကွက်(၄)၊ မြရတနာလမ်း၊ အိမ်အမှတ် (၁၉၆/၁၉၇)နေ ကျွန်တော် ဦးခင်မောင်ညွန့်၏သား မောင်အောင်ဗိုလ်ဗိုလ် ၁၃/ကတန(နိုင်)၀၉၀၆၈၈ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ၊ ငွေရေး ကြေးရေးလူမှုရေး အရှုပ်အရှင်းများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ညွန့်**
**၁၃/ကတန(နိုင်)၀၀၆၅၅၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ၊ ဗဟိုလမ်း၊ အမှတ်(A-၁၄၆)နေ ဆလိုင်းဘစိန်၊ ဒေါ်ကြည်ကြည်ဝမ်းတို့၏သမီး မိုင်နှင်းဝတ်ရည် ၁၃/တကန(နိုင်) ၁၄၀၉၈၄သည် မိဘဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်က ဆင်းသွားကာ မိသားစုနှင့်လုံးဝအဆက်အသွယ် ဖြတ်တောက်ထားသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဆလိုင်းဘစိန်(DC-၀၁၇၄၃၈)၊**
**ဒေါ်ကြည်ကြည်ဝမ်း(RGN-၀၀၃၂၂၂)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ ၂၀
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

မစ္စတာ၊ခရစ်(စ်)၊တိုဖာ၊ဘရိုင်ယန်၊အိုကွန်နာ (၎င်း၏တရားရုံးကိုယ်စားလှယ်စာရရှိသူ ဦးသက်ဇော်ထွန်း) **နှင့်**
၁။ ဒေါ်ဟယ်လင် (Daw Helen) (၎င်း၏အခွင့်ရကိုယ်စားလှယ်စာ ရရှိသူ ဦးမြင့်သန်း)
၂။ ဒေါ်ချယ်ရီ၊ထရီဗယ်ဒီ(Cherry Trivedi)
၃။ မစ္စတာ အာရှစ်(စ်)၊ ထရီဗယ်ဒီ (Mr.Ashish Trivedi)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊လေဆိပ်လမ်း၊ အမှတ်(၄၅/၅၅)နေ အမှတ်(၂) တရားပြိုင် ဒေါ်ချယ်ရီ၊ ထရီဗယ်ဒီ(Cherry Trivedi)နှင့် အမှတ်(၃)တရားပြိုင်မစ္စတာအာရှစ်(စ်) ထရီဗယ်ဒီ(Mr. Ashish Trivedi)(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမေရိကန်ဒေါ်လာ ၄၇၅၉၈၈၉၅ နှင့် ညီမျှသည့်မြန်မာငွေ ၈၄၆၃၀၉၃၃၁၀ ကျပ်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၄ ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းလွဲ ၁နာရီတွင်အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဟကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့၊ အမှတ်(၄)ရပ်ကွက်၊ စံကျောင်းလမ်း၊ ဦးပိုင်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၁)၊ မြေဧရိယာ ၀ ဒသမ ၁၈၈ ဧက၊ ဂရန်အမည် ဦးဘိုနွဲ့အမည်ပေါက်မျက်နှာစာ အလျား(၃၉)ပေ၊ ခြံအနောက် ၄၀ ပေ၊ အနံ ၁၆၂ ပေရှိ မြေကွက်နှင့်အဆောက်အုံအပါအဝင်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးရွှေဒုံးမှ အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင် အဆိုပါမြေကွက်နှင့်နေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးရွှေဒုံး၏ သမီးဖြစ်သူ ဒေါ်အေးအေးသင်း ၇/မလန(နိုင်)၀၀၀၆၆၃ မှဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုရန်ကျွန်ုပ်၏မိတ်ဆွေအားပြောဆိုလာမှုအပေါ် ၎င်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဆွေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၃၁/၂၀၁၇)**
**ဌာနာကွက်သစ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၃၇၀၈၅၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက်-10(B) 10-240၊ ရောချမ်းသာကွန်ဒိုကို ဦးစောဂျိုးဇိုင်းယား ၁၂/အစန(နိုင်)၁၈၀၀၁၈ ထံမှ ကျွန်မ ဒေါ်ခင်မကြီး ၁၂/ဗဟန(နိုင်)၀၄၇၄၇၄ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မကြီး**
**၁၂/ဗဟန(နိုင်)၀၄၇၄၇၄**
**ဖုန်း-၀၉-၅၁၄၃၉၆၅**

## အထွေထွေကိုယ်စားလှယ်အား ရုပ်သိမ်းကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦး(အင်းရွာသစ်)ရပ်ကွက်၊ ဇေယျာလမ်းနေ ဦးတင်ဖေ(ဘ)ဦးသိန်းဉာဏ် ၅/မရန(နိုင်)၀၂၉၂၆၄ က မုံရွာမြို့၊ ဇေတဝန်ကျောင်းလမ်း၊ ဘုရားကြီးရပ်ကွက်နေ ဦးအောင်ကျော်စန်း(ဘ)ဦးချစ်မောင် ၅/မရန(နိုင်)၀၁၄၁၅၃ ထံမှ လုပ်ငန်း လိုအပ်ချက်အရ (၁)လလျှင် (၇%)အတိုးဖြင့် (၂)ကြိမ်တိုင်တိုင် ငွေချေးယူရာတွင် စုစုပေါင်းငွေကျပ်သိန်း(၄၀၀) ချေးယူခဲ့ရာ ချေးငွေများကိုပြန်လည်ပေးဆပ်နိုင်ရန် အတွက် ကျွန်တော် ဦးတင်ဖေ နေထိုင်လျက်ရှိသော နေအိမ်ဝင်းမြေ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ကပ်လျက်တွင်ရှိသော ဦးတင်ဖေပိုင် နေအိမ်ဝင်းမြေ ဦးပိုင်အမှတ် ၁၁၅/၁၁ နှင့် ၁၁၅/၁၀ (၂)ဝင်းတို့အား ငွေတိုးထုတ်ချေးပေးသူ ဦးအောင်ကျော်စန်းအား ဦးတင်ဖေ ကိုယ်စားရောင်းချပေးနိုင်ရန်အတွက် မုံရွာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ(ဂျီပီ)စာချုပ်အမှတ် ၈၂/ VI XI/၂၀၁၇ (၂၄-၇-၂၀၁၇)ရက်စွဲပါအရ အထွေထွေကိုယ်စားလှယ် ပေးအပ်ခဲ့ပြီးနောက် ၉-၈-၂၀၁၇ ရက်စွဲဖြင့် ဦးပိုင်အမှတ် ၁၁၅/၁၀ ကျပ်သိန်း(၁၆၀)ဟုဖော်ပြ၍ လည်းကောင်း၊ အရှေ့ဘက် ကပ်လျက်တွင်ရှိသော ဦးပိုင်အမှတ် ၁၁၅/၁၁ နေအိမ်ဝင်းမြေကို ကျပ်သိန်း(၃၅၀)ဟု ဖော်ပြ၍လည်းကောင်း၊ ဦးအောင်ကျော်စန်းပြောဆိုခိုင်းစေချက်အရ ဟန်ဆောင်အရောင်းအဝယ်အရပ်စာချုပ်များကို ယုံကြည်စွာချုပ်ဆိုပေးခဲ့ပြီးဖြစ်သော်လည်း ဦးအောင်ကျော်စန်းမှ ကတိဖောက်ဖျက်၍ ကျွန်တော်ပိုင် ဦးပိုင်အမှတ်-၁၁၅/၁၀ အား မိမိပိုင်အဖြစ် ကျပ်သိန်း(၅၅၀)ဖြင့် ရောင်းချကာ ကတိအတိုင်း နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာစွာ ပေးရန်/ရရန်များကို လုံးဝ စာရင်းရှင်းလင်းပေးခြင်းမရှိဘဲ ဆက်လက်၍ ဦးပိုင်အမှတ်- ၁၁၅/၁၁ ကိုပါ ရောင်းချရန်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရသဖြင့် ယနေ့ ၆-၁၀-၂၀၂၂ရက်မှစပြီး ဦးအောင်ကျော်စန်းအား ကျွန်တော်မှ နေအိမ်ဝင်းမြေများ ရောင်းချပေးမှုပြုလုပ်နိုင်ရန်အတွက် ယုံကြည်စွာလွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာစာချုပ်ကိုပြန်လည်ရုပ်သိမ်းလိုက် ပါကြောင်း အများပြည်သူသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးတင်ဖေ**
**တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၁၁၁၁၇**
**ဇေယျာလမ်း၊ ကံသာဦးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၂၅၉၁၆၀၀၈၈**

## အများသိစေရန်ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ အကွက်အမည် (ဝန်တော်အိမ်ရပ်)၊ ဦးပိုင်အမှတ် (၂၇ဃ)၊ မြေကွက်အမှတ်(-) ဧရိယာ ၀ ဒသမ ၂၄၅ ဧကရှိမြေအား ဒေါ်စန်းမြင့်ကြည်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၉) ရက် မတိုင်မီဆိုင်ရာစာရွက် စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ်(ဒ-၁၀၇၃၊ ဒ-၁၀၇၄)၊ မြေဧရိယာ ၀ ဒသမ ၆၆၁ဧကရှိ ဒေါ်မိုးသန္တာလင်း (ဘ)ဦးအောင်ရွှေဦး ၁၀/သဖရ(နိုင်)၀၆၆၉၀၁ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဒေါ်စိုးစိုးရီ (ဘ) ဦးမောင်လှ ၁၂/လမတ(နိုင်)၀၁၆၈၆၂မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှား စာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးအောင်မျိုးအေး ၇/ရတရ(နိုင်)၀၇၂၁၀၉ (ဘ)ဦးလှရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၉၆၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၇၅/၂၀၂၁/၇-၁၂-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စုမွန်သန်း ၉/တသန(နိုင်)၁၁၅၉၈၁ (ဘ)ဦးစိန်သန်းမှ ဦးဇေယျာငြိမ်း ၃/ဘအန(နိုင်)၀၀၁၃၅၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀-က)၊ ရေစက်လမ်း၊ မြေကွက်အကွက်အမှတ်၄၁(ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်သူ ဒေါ်တင်နု (PPN-၀၈၂၄၃၄) အမည်မှတ်သားတည်ရှိသော်လည်း ပိုင်ဆိုင်ကြောင်းအရ ယခုရောင်းချသူများဖြစ်သည့် ဦးမြင့်ဆွေ (PPN-၀၈၂၄၃၇)၊ ဒေါ်ခင်သန်း (PPN-၀၈၂၄၃၈)၊ ဒေါ်ခင်ဌေးရီ (PPN-၂၁၉၉၅၁)တို့မှ အမွေဆက်ခံပြီး စီမံခန့်ခွဲနိုင်ခြင်းရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့မြင့်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၅၀)**
**အမှတ် (၂၇)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့ ဖုန်း-၀၉-၄၃၀၇၄၁၀၈၊ ၀၉-၇၆၁၆၀၄၅၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇/၆ သလ္လာ မြို့သစ်)၊ ဦးပိုင်အမှတ်(ဗန္ဓုလလမ်း-၂၀၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား အမှုတွဲအမှတ် ၅၈ V ၄ား ၂၀၁၈-၂၀၁၉ အရ ၃၀-၁၂-၁၉၉၁ မှ ၂၉-၁၂-၂၀၂၁ ရက်ထိ ဦးစိုးသိန်းထွန်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးစိုးသိန်းထွန်းအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၄၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၁၃ လမ်း-၆၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဦးလှဦး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ ရွှေသဇင်လမ်းနေ (အမိ)ဒေါ်မြင့်ကြည် ၏ သား မောင်မြတ်မင်းမောင် ၁၂/ကမရ(နိုင်)၀၅၇၉၂၂သည် မိခင်၏ ဆိုဆုံးမစကားကို အကြိမ်ကြိမ်သွန်သင်ဆုံးမသော်လည်း နားမထောင်သဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝမှန်သမျှအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

**မိခင် ဒေါ်မြင့်ကြည်**
**၁၂/ကမရ(နိုင်)၀၅၃၁၁၇**

## မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဦးစံထွန်း၏သား မောင်မျိုးဇော်ဆန်း ၁၀/သဖရ(နိုင်)၂၁၃၆၅၂ ၏ မွေးရက်/လ/သက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ ၃-၂-၂၀၀၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၂၈၀၈)၊ (ပဂိုးကုန်းမြောက်ကွင်း)၊ ဦးပိုင်အမှတ်(C-၃၉)၊ ဧရိယာ ၀ ဒသမ ၉၁၈ ဧကအား ဦးမောင်မောင်အေးအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ၎င်းဧရိယာအနက်မှ ၀ ဒသမ ၈၂၆ဧကရှိ မြေကို ဦးခင်မောင်ဌေးမှ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်အေးနှင့် ၂၀-၇-၂၀၂၂ ရက်တွင် စာချုပ်အမှတ်စဉ် ၄၁/၂၀၂၂ ဖြင့် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဦးခင်မောင်ဌေးကိုယ်စား ဦးညွန့်မြင့်မှ အထူးကိုယ်စားလှယ်လွှဲစာဖြင့် အပိုင်ဝယ်ယူသူ နေရာတွင် ကိုယ်စားလက်မှတ်ရေးထိုးပြီး ဦးခင်မောင်ဌေး၏ အမည်ဖြင့် စက်မှု/စီးပွားမြေ ငှားဂရန် ဦးပိုင်ခွဲစိတ်ခွင့် ခွင့်ပြုချထားပေးပါရန် လျှောက်ထား လာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်း လုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၇၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်-၁၅၅၄(က)ဟုခေါ်တွင်သော အလျား ၆၀ပေ x အနံ ပေ၂၀ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်၊ မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချသူ ဦးနေဇော်လင်းသည် ၁၉၉၃ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(မြေနှင့်အခွန်ဌာနခွဲ)မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်အမည်ပေါက်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသော မူရင်းပိုင်ရှင်ဖြစ်သူ ဦးမြ(ဘ) ဦးကံသာ (နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၂၀၅၆၈)မှ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ကို ထပ်ဆင့်ချုပ်ဆို ဝယ်ယူခဲ့သူတစ်ဦးဖြစ်သော ဒေါ်ချိုချိုမာ ၇/ကတန(နိုင်)၀၀၀၆၆၅ ထံမှ တစ်ဆင့်ထပ်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးသည် ယခုလက်ရှိပိုင်ဆိုင်ထားသူ ဦးနေဇော်လင်းမှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ထားကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်တစ်စုံတစ်ရာ လုံးဝ အလျဉ်းမရှိကြောင်းတို့ကို ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသူ ဦးအောင်ကျော်ဖြိုး (ဘ)ဦးအောင်နိုင်ဦး ၁၂/ကမတ(နိုင်)၀၆၄၉၆၀နှင့် ဒေါ်မြတ်သူဇာ (ဘ)ဦးခင်စိုး ၁၂/အစန(နိုင်)၁၇၆၇၃၁ တို့သည် ၆-၁၀-၂၀၂၂ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားသည့် နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကိုပါ ချုပ်ဆိုထားပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း အကျိုးစီးပွားသက်ဆိုင်သူမည်သူမဆို ဖော်ပြပါခြံမြေကွက်နှင့် ပတ်သတ်သည့် ဥပဒေအရ ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်ထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှ လုံးပမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင် (LL.B, D.B.L, D.I.L, D.I.R, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၅၉)**
**တိုက်အမှတ်(၂၄-ဃ)၊ ဒုတိယထပ်၊ နာနတ်တောလမ်း၊ အမှတ်(၈)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၁၁၃၀၆၁၆**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးမြင့် ၅/ပလန(နိုင်)၀၆၄၆၉၅၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၄၃၃၂၀၀**

**(၂၇.၉.၂၀၂၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၆) ပါ ဦးမောင်မောင်စိုး တရားလွှတ်တော်ရှေ့နေနှင့် ဒေါ်ပြည့်ပြည့်ပပစိုး အထက်တန်းရှေ့နေတို့၏ "၁၈.၉.၂၀၂၂ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၃) ပါ ဦးခင်စိုး တရားလွှတ်တော်ရှေ့နေ၏ အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ကြေညာခြင်း" နှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးတင် (၁၂/ပဘတ (နိုင်) ၀၂၂၅၂၇) အမှတ်-၈၃/၈၅၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ရှင်းလင်းကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁/စီ၊ မြေကွက်အမှတ်-၁၀၂၊ ဧရိယာ (၀. ၃၉၉) ဧကရှိ မြေကွက်အား နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီ၏ ၂/၂၀၁၀ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါစနစ်ဖြင့် ဦးမောင်စိန် (၁၂/အစန (နိုင်) ၁၅၇၀၄၆) နှင့် ဦးဇေယျာဦး (၁၂/အစန (နိုင်) ၀၀၉၅၀၁) တို့ကို လွှဲပြောင်းရောင်းချပြီး သက်ဆိုင်ရာမှ (၃. ၁၁. ၂၀၁၁) ရက်နေ့က လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ဦးမောင်စိန်၊ ဦးဇေယျာဦးတို့မှ ဂရန်အမည်ပေါက် ပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။

အဆိုပါဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမောင်စိန်၊ ဦးဇေယျာဦးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးတင်က (၁၆. ၁၁. ၂၀၁၁) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၃၃၆၄/၂၀၁၂ အရ ဝယ်ယူပိုင်ဆိုင်ပြီးနောက် ဒေါ်အေးတင်အမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားရယူပြီး လက်ရှိလက်ဝယ် ပိုင်ဆိုင်ထားလျက်ရှိပါသည်။ ထို့အတူ အထက်ပါမြေကွက်အား ရန်ကုန်တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေအမှတ်စဉ်-၃/၂၀၁၇ ဆုံးဖြတ်ချက်အပိုဒ် (၁၀) အရ အမှုပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးတင်အနေဖြင့် မိမိ၏ပိုင်ရေးဆိုင်ခွင့်အရ မြေကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်၍ ဒေါ်နီလာမြတ်ထွန်းအောင်၊ ဒေါ်အေးအေးမာမြင့်၊ ဒေါ်ခင်ခင်သင်းတို့ အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါမြေကွက်အရောင်းအဝယ်ကို တားမြစ်ကန့်ကွက်ပိုင်ခွင့်မရှိပါ။

သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေအနေဖြင့် မိမိလက်ရှိလက်ဝယ်ထား ဂရန်အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် အထက်ပါမြေကွက်အား ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် (၂၇. ၉. ၂၀၂၂) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၆) ပါ ကန့်ကွက်ကြေညာချက်အား (၇) ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်၊ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထိပါးနှောက်ယှက်ဟန့်တားကန့်ကွက်သူ မည်သူ့ကိုမဆို တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ဝေဇာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၀)**

**ဦးထွန်းဝင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၂)**

**ဒေါ်ဇင်သူမိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၁၁၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၈၅၄၄၂**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်- သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ ကျောက်စိမ်းရတနာ (၂) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁ ၊ မြေကွက်အမှတ်- ၁၆၁ ၊ ဧရိယာ- ၀. ၁၉၈ ဧက (၈၆၄၀ စတုရန်းပေ) ရှိ မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအုန်းမြင့် (၁၂/ကတတ (နိုင်) ၀၀၃၄၇၃) ၏ အမည်ဖြင့် ခွင့်ပြုချထားပေးသော ပါမစ်မြေကွက်ဖြစ်ပြီး၊ အဆိုပါ မြေကွက်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးအုန်းမြင့် ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဒေါ်နန္ဒာဝေဒီ (၆/တသရ (နိုင်) ၀၀၀၃၂၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ**
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)**
**အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။**

## Belin Industrial Alcohol Distillery Co.,Ltd

**(ဘီလင်း စက်မှု အရက်ပြန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်)**

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်**

**လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ (၂၀၁)၊ နည်းဥပဒေ (၈၇)**

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

| | |
|---|---|
| ကုမ္ပဏီအမည် | ဘီလင်းစက်မှုအရက်ပြန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | ဘီလင်း စက်မှု အရက်ပြန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | ၁၁၀၇၁၆၆၆၄ |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | အမှတ်(၃၃)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ကုမ္ပဏီ အီးမေးလ် | tinaung@grandroyal-group.com |
| တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအမည် | ဦးမျိုးဟိန်း (MAIP-00074) (Myanmar Enterprise Solutions Co.,Ltd) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ရုံးခန်းလိပ်စာ | အမှတ် (၁၃)၊ မြေညီထပ်၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ အီးမေးလ် | corporate@mesc.pro |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက် |

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ "ဘီလင်းစက်မှု အရက်ပြန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်"အား ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဦးမျိုးဟိန်းအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့် အကြောင်းကြားစာမိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏ မြီရှင်တစ်ဦးချင်းစီထံပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက်မတိုင်မီတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏အီးမေးလ်သို့ "ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန်" ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ်တောင်းဆိုချက်အတွက် သက်သေခံ အထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ-

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီကပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဦးမျိုးဟိန်း**
**စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ**
**ဘီလင်း စက်မှုအရက်ပြန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် (ဖျက်သိမ်းဆဲ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၁၃ ရပ်ကွက်၊ စက်မှုလယ်ယာ (၂) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၃)၊ အကျယ်အဝန်းပေ (၄၀x၆၀) ဧရိယာစတုရန်းပေ (၂၄၀၀)၊ ကေ ၀ ဒသမ ၀၅၅ ဒေါ်ခင်ပပမျိုး အမည်ပေါက် နှစ် ၆၀ ဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်၊ မြေပေါ်၊ မြေအောက်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ပပမျိုး ၁၂/ဗဟန (နိုင်)၀၀၂၁၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် အဆိုပါအရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်စန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**၅၄ ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၀၇)၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်**
**ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ချမ်းအေးသာယာရပ်နေ (ဦးဘိုးသုံး+ဒေါ်ချေ)တို့၏သမီး ဒေါ်ခင်လေး ၅/ကဘလ(နိုင်)၀၉၀၇၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၁-၉-၂၀၂၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာခြင်းပြုခဲ့ကြသည့် တူမများဖြစ်သော ဒေါ်ညိုတင်၊ ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ခင်မျိုးဆွေ၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်သီတာကေခိုင်၊ မဆုနှင်းဖြိုး၊ မနှင်းဝေဖြိုးတို့နှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

တူမများ၏ မိဘများဖြစ်သော ဒေါ်တင်အေး၊ ဒေါ်တင်ငွေး၊ ဒေါ်အေးရီ၊ ဦးထွန်းခင် တို့သည် မှတ်ပုံတင်ထားခြင်းမရှိသည့် (၂၉-၆-၁၉၈၅)ရက် အမွေခွဲဝေစာချုပ်အရ အိမ်ကွင်း(၁)ကွင်းစီ၊ ရွှေ(၉/-)ကျပ်သားစီနှင့် ကာလတန်ဖိုးငွေသားများကို အမွေအဖြစ် လက်ရောက်ခွဲဝေခံစားခဲ့ကြပြီးဖြစ်၍ တူမများအနေဖြင့် မိဘများ ရရှိခံစားခဲ့ကြသည့် အမွေကိုသာ ဆက်ခံကြရမည့်သူများ ဖြစ်ပါသည်။

ဒေါ်ခင်လေးသည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့မြေ၊ မြေတိုင်းအကွက် အမှတ်(၁)၊ ချမ်းအေးရပ်(၁)၊ မြေကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာကေ ဒသမ(၀၈၈)ရှိ ဝင်းခြံနှင့် ဝင်းခြံတွင် ဆောက်လုပ်ထားသောသုံးခန်းပတ်လည် သွပ်မိုးနှစ်ထပ်နေအိမ် အဆောက်အအုံတို့သည် ဒေါ်ခင်လေး အမွေဆက်ခံရရှိခဲ့သည်ဖြစ်၍ ဦးပိုင်အမည် ပေါက်ခဲ့ပြီး ဖြစ်ပါသည်။ တူမများအနေဖြင့် ဦးဘိုးသုံး-ဒေါ်ချေတို့၏ အမွေစားအဖြစ် ယင်းမြေကွက်နှင့် အဆောက်အအုံအပေါ် ယခုကဲ့သို့ အများသိကြေညာခြင်း၊ ကန့်သတ်ခြင်း မပြုနိုင်ပါကြောင်းနှင့် ဒေါ်ခင်လေး မကွယ်လွန်မီ ယင်းဝင်းခြံမြေနှင့် အဆောက်အအုံအပေါ် စီမံခန့်ခွဲမှုတစ်ရပ်ရပ်ပြုလုပ်မည်ဆိုပါကလည်း ကန့်ကွက်ခွင့်၊ တားမြစ်ခွင့် မရှိပါကြောင်း အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါ သည်။

**ဒေါ်ခင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မြင့်ထူး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၇၂)**
**အမှတ်(၂)ရပ်ကွက်၊ ကန့်ဘလူမြို့**
**ဖုန်း-၀၉-၄၄၅၅၆၀၀၆၀**

## အာရှရန်ကုန်ဘဏ်လီမိတက်

**(တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

**(ဘဏ်၌ အပ်နှံထားသည့်ငွေများအား အမြန်ဆုံး ပြန်လည်ထုတ်ယူနိုင်ရန် အကြောင်းကြားခြင်း)**

အာရှရန်ကုန်ဘဏ်လီမိတက် (တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၆၄၄၄၁၃၇) ထံ၌ လူကြီးမင်းတို့ အပ်နှံထားသည့်ငွေများနှင့်စပ်လျဉ်း၍ ခိုင်လုံသော သက်သေခံအထောက်အထားများကို အမှတ်(၁၁၉/၁၂၁)၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်)အီးမေးလ်လိပ်စာ-hninsumon@winthinassociates.com သို့ ၇-၁၁-၂၀၂၂ ရက် နောက်ဆုံးထား၍ တင်ပြရန် အကြောင်းကြားပါသည်။ အဆိုပါ သတ်မှတ်ထားသောရက်အတွင်း ပြန်လည်တင်ပြခြင်းမရှိပါက လူကြီးမင်းတို့အပ်နှံထားသည့်ငွေများနှင့်ပတ်သက်၍ ပြန်လည် တောင်းဆိုပိုင်ခွင့် အခွင့်အရေးရှိမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ (၇) ရက်။**
**အာရှရန်ကုန်ဘဏ်လီမိတက် (တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဒေါ်နှင်းစုမွန် [ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်၊ အေစီစီအေ၊**
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း(တရားဝင်တည်ထောင်ထားသော)၏ အဖွဲ့ဝင်]**

## အာရှရန်ကုန်ဘဏ်လီမိတက်

**(တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

**(မြီရှင်များအား ကြွေးမြီများ သို့မဟုတ် တောင်းဆိုချက်များနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထား တင်ပြရန်အကြောင်းကြားခြင်း)**

အာရှရန်ကုန်ဘဏ်လီမိတက် (တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အား ၁၆-၃-၂၀၂၀ ရက်တွင် **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။** ဘဏ်အား ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၂၀ အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လျှောက်ထားခဲ့ပါသည်။ အဆိုပါ လျှောက်ထားချက်အရ ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန် တရားရုံးမှ ၃-၂-၂၀၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒေါ်နှင်းစုမွန်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ရန် ၁၅-၂-၂၀၂၂ ရက်တွင် တရားရုံးမှ ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

